မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆင္ဃအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အင္ဃမအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် ဇွန် ၂၈

ဆင္ဃအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အင္ဃမအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ဝေဖန်ဆွေးနွေး

အစည်းအဝေးတွင် ဆင္ဃအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁

နမ့်ဆန်မြို့နယ်ရှိ လွယ်ခမ်းအချိုခြောက်စက်ရုံကြီးအတွင်း လက်ဖက်အချိုခြောက်များ CTE နည်းပညာဖြင့် ထုတ်လုပ်နေသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ အကြီးဆုံးလက်ဖက်အချိုခြောက်စက်ရုံကြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားစေခဲ့

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း(မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၈

နမ့်ဆန်မြို့နယ်သည် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက်အချိုခြောက်ထွက်ရှိရာ မြို့နယ်အဖြစ်ထင်ရှားသကဲ့သို့ နမ့်ဆန်မြို့သည်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း၌ တည်ရှိသော လက်ဖက်အများဆုံးထွက်ရှိသည့်မြို့လည်းဖြစ်သည်။

ဤမြို့သည် လက်ဖက်စိုတွင် ဇယန်းလက်ဖက်ထွက်ရှိရာဒေသအဖြစ် နာမည်ကျော်ကြားသကဲ့သို့ လက်ဖက်အချိုခြောက်နှင့် လက်ဖက်အခါးခြောက်တို့ ကောင်းစွာထွက်ရှိခဲ့ခြင်းကြောင့် လက်ဖက်မြို့တော်အဖြစ် လူသိများခြင်းဖြစ်သည်။

အကြီးဆုံး

ထိုမြို့သို့ မကြာမီက ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် ရောက်ရှိခဲ့ရာမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး လက်ဖက်အချိုခြောက်ထုတ်လုပ်ရာ လွယ်ခမ်းလက်ဖက်စက်ရုံကြီးသို့ သွားရောက်လေ့လာနိုင်ခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၃

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုး

ဘားအံ ဇွန် ၂၈

ကရင်ပြည်နယ် သစ်တော ဦးစီးဌာနက ကြီးမှူးပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုဇွန် ၂၂ရက် နံနက်၇နာရီခွဲက ဘားအံမြို့ အိန္ဒူ-ဂျိုင်းလမ်းဘေးဝဲယာတွင် ကျင်းပသည်။

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ကရင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိမ်း၊ ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဘားအံမြို့နယ် သစ်တောဝန်ထမ်းများ၊ သာယာကုန်း၊ ကော့ကဒါနှင့် သာမညကျေးရွာအုပ်စုမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက ကျွန်းပင် ၆၀၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၈-၆-၂၀၀၉

ခန္တီး
၄ ဒသမ ၇၃ လက်မ
မြစ်ကြီးနား
၃ ဒသမ ၇၈ လက်မ
မြောက်ဦး
၃ ဒသမ ၇၄ လက်မ
ကော့ကရိတ်
၂ ဒသမ ၆၄ လက်မ
ပေါင်
၂ ဒသမ ၅၆ လက်မ
ကျိုက္ခမီ
၂ ဒသမ ၄၈ လက်မ
မောင်တော
၂ ဒသမ ၄၀ လက်မ

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၉ ရက်)

နိုင်ငံတစ်ဝန်း နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးအခြေခံကောင်းများတည်ဆောက် တိုင်းရင်းသားပြည်သူများ ခွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးပမ်း

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ပြည်တွင်းပြည်ပ ရန်စွယ်အသွယ်သွယ်ကို စုစည်းညီညွတ်စွာ လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စောင့်ထိန်းကာကွယ်ရမည့်တာဝန်သည် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရသည် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုတစ်ဝန်းတွင် ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းပါးစေရန်နှင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီးအဖြစ်ရောက်ရှိရန် အခြေခံကောင်းများ ချမှတ်ပေးထားပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူများသည် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ကိန်းအောင်းနေရမည်ဖြစ်ပြီး အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရမည် ဖြစ်သည်။ သို့မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

မြန်မာတိုင်းရင်းသားများသည် မည်သည့်ခေတ်ကာလနှင့်မျှမတူသော စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ပြီး တပ်မတော်အစိုးရလက်ထက် ပြည်နယ်နှင့်တိုင်းများသို့ လမ်း၊ တံတား၊ ရထားလမ်းများကို ကွန်ရက်သဖွယ်တည်ဆောက်ပေးခြင်း၊ ဆည်မြောင်းတမံများ တည်ဆောက်ပေးခြင်း၊ ဆေးရုံ၊ ကျောင်းများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို နိုင်ငံတစ်ဝန်း တည်ဆောက်ပေးခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းကို တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ ကြိုးပမ်းစွမ်းဆောင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ မနေးအမြန် တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အာရုံခြောက်ပါး** တရားတော် ဆရာတော်ဘဒ္ဒန္တကဋ္ဌနသာရ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၆)
- ၈:၃၀ Global Panorama
- ၉:၃၀ Sports World (MNL League မကွေး Vs ရတနာပုံ)
- ၁၀:၀၀ မန္တလေးဂန္ထဝင်ညနှင့် လှမြင့်ဝင်း
- ၁၀:၃၀ International Show Biz
- ၁၁:၀၀ Make in A Delicious Way (ကွာလာလမ်ပူမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
- ၁၁:၂၅ စာအုပ်ပြခန်း (ဒေါက်တာချစ်နှင့် တွေ့ဆုံခြင်း)
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၅ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
- ၁၂:၃၀ IT လိုင်းတို့သည် အောင်မြင်မှုကမ်းခြေသို့
- ၁၂:၅၀ ကလောဈေးနေ့
- ၁:၀၀ **အာရုံခြောက်ပါး** တရားတော် ဆရာတော်ဘဒ္ဒန္တကဋ္ဌနသာရ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သာသနာရောင်လွှမ်း အေးချမ်းပါသည်…မြို့စဉ့်ကူးဌာနီ
- ၃:၀၀ ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
- ၃:၁၅ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့… (နားမကြားသူများ လူမှုအသိုင်းအဝိုင်းဝင်ဆံ့နိုင်မှု မြှင့်တင်ဆောင်ရွက်ရေးစီမံချက်)
- ၃:၄၀ Activities in the City (ဂီတလုလင်မောင်ကိုကို ပညာသင်ဆုငွေပဒေသာပင်လှူဒါန်းပွဲ)
- ၄:၀၀ နှလုံးသားမှစကားသံများ မျှဝေခံစားကြစို့လား
- ၄:၃၀ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
- ၄:၄၀ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ အနုပညာမိုးကောင်းကင်
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ International Show Biz
- ၆:၄၀ World of Knowledge (Megabridges; Greece)
- ၇:၂၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ထီးအလှဆင်ခြင်း)
- ၇:၃၅ Make in A Delicious Way (ကွာလာလမ်ပူမြို့မှ စွဲမက်ဖွယ်ရာ အစားအသောက်များအကြောင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စာအုပ်ပြခန်း (ဒေါက်တာချစ်နှင့်တွေ့ဆုံခြင်း)
- ၉:၀၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၆)
- ၁၀:၀၀ နှလုံးသားမှစကားသံများ မျှဝေခံစားကြစို့လား
- ၁၀:၃၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ် (1) AEGON INTERNATIONAL (Quarter Final). Santoro Vs Ljubicic (2) Volvo Ocean Race
- ၁၂:၂၀ **သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ** မိုးအောင်ရင်၊ မိုးယုစံ (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁၂:၅၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ထီးအလှဆင်ခြင်း)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၁၈)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၇)

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်(တောင်ပိုင်း)အလက(၃)ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၇နာရီခွဲက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကို တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းခန်းမ၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့တော်ဝန်က အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ကျောင်းဆောင်သစ်နှင့် ဆိုင်သော စာရွက်စာတမ်းများကို လက်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌တာဝန်ရှိသူများက မြို့နယ်အတွင်းသွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် မြတ်ရတနာလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်များအသုံးပြု၍ ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ကျိုက္ကဆံချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် ချောင်းအတွင်းမှ အမှိုက်နှင့် မြေစာများ ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

ဂန့်ဂေါ ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်လှိုင်တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအကြောင်းကို ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ဆွေက လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအကြောင်းကို ခရိုင်ဥပဒေအရာရှိ ဦးဘိုဆန်းကလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်း သိကောင်းစရာကို ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက လည်းကောင်း ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ဦးလှထွန်းမေတ္တာရိပ်မွန်သို့ ငွေနှင့်ထိုင်ခုံများ ပေးအပ်လှူဒါန်း

မန္တလေး ဇွန် ၂၈

ဦးလှထွန်း Hospice မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း (မန္တလေး)သို့ ဇွန် ၂၁ရက် နံနက်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဝင်းမေအားရည်စူး၍ ခင်ပွန်း ဒေါက်တာမြမောင် (ဆေးရုံအုပ်ကြီး-ငြိမ်း)၊ သား ကိုကျော်စွာဝင်း(တော်ဝင်စိန်တိုက်)၊ သမီး ဒေါက်တာဝင်းလှိုင်-သုဓမ္မသိင်္ဂီ ဒေါ်မြစန္ဒာဝင်း၊ မြေး ကိုဖြိုးဝင်းလှိုင်(M.B.,B.S Final Part-1)၊ မရတနာဝင်းလှိုင် တော်ဝင်စိန်တိုက်မိသားစုတို့က ငွေပဒေသာပင် ကျပ်နှစ်သိန်း၊ တစ်လလျှင် ကျပ်ငါးသောင်းဖြင့် တစ်နှစ်စာငွေကျပ်ခြောက်သိန်းနှင့် လက်တွန်းလှည်းတစ်စီး၊ Commode ထိုင်ခုံတစ်ခုံ၊ နောက်မှီထိုင်ခုံတစ်ခုံ၊ တဘက်စောင်၃၀၊ မျက်နှာသုတ်ပဝါ ၃၂ထည်တို့ကို တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

(ကင်ဆာဖောင်ဒေးရှင်း)



ဆင္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာ့အေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက် ရယူတော်မူသည်။

ယင်းနောက် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းအခန်း (၇)၊ အပိုဒ် ၅၆(ဂ)အရ ဆောင်ရွက်ရန်ကိစ္စ၊ ဆဋ္ဌအကြိမ် ဆဋ္ဌ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့် အထွေထွေကိစ္စများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ကျင်းပပြီးစီး

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ''ဇယန္တော့ဗောဓိယာမူလေ'' အစချီ(၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေး ဒုတိယနေ့ တစ်နေ့တာအတွက် ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်ရသာတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဒေါ်မြင့်မြင့်စိုးမိသားစုတို့က ဆရာတော်ကြီးများအား မဟာနာယက ဆွမ်းစားဆောင်၌ ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုးပွဲ ကလေးဝ၌ ကျင်းပ

ကလေးဝ ဇွန် ၂၈

ကလေးဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန်၅ရက်က ကလေးဝ-ယာကြီးလမ်း မိုင်တိုင်အမှတ် (၁၁၃/၅) ဖာလုံတွင် ကျင်းပသည်။

စိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ဝင်းနှင့် အတွင်းရေးမှူး ဒေါ်အေးအေးသင်း၊ မြို့နယ်သစ်တော ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်၍ ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ ပိတောက်ပင် စုစုပေါင်း ၃၀၀၀ကျော်ကို စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ချီးကျူးဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

ညောင်လေးပင်မြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့တံဆိပ်ရသူများ၊ ဂုဏ်ထူးဆောင် တံဆိပ်ရသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆု ပေးခြင်းနှင့် အသင်းသို့ အလှူငွေ ကျပ် တစ်သိန်းနှင့် အထက် လှူဒါန်းသူများ အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန်၂၁ရက်နံနက်၁၀နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးထွန်းရီက အဖွင့်အမှာစကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဦးရဲညွန့်က ဖတ်ကြားသည်။ ဆက်လက်၍ အသက် (၇၅)နှစ်အထက် အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်ရရှိ သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ် ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ များအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် အသင်းသို့ အလှူငွေ ကျပ်တစ်သိန်းနှင့် အထက် လှူဒါန်းသူများအား ဂုဏ်ပြု မှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

ဦးကျော်ဇေယျ၊ ဒေါ်နန္ဒာဝေဒီမိသားစုက ဝေဒီဖိနပ်ချစ်သူများ ကုသိုလ်ဒါနအဖြစ် ဇွန် ၁၂ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်း မြို့နယ် ကော့ကနိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း၅၀ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပွဲ

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်၁ရက်က ဧရာဝတီတိုင်း လပွတ္တာ မြို့နယ် (၃)မိုင်မြို့ကွက်သစ်၌ကျင်းပရာ လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည် အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

● *ကျောဖုံးမှ*

ရောက်ရှိခဲ့

ယခုနှစ် နွေရာသီအစပိုင်းကာလ တိုင်းထွာမှုများအရ မက္ကဆီကို ပင်လယ်ကွေ့မှ သေမင်းတမန်ဇုန်သည် အကျယ်အဝန်းစတုရန်းမိုင် ၇၄၅၀သာရှိခဲ့ သည်။ ထို့ကြောင့် အချိန်တိုကာလအတွင်း မိုင် ၁၀၀၀ကျော် လျင်မြန်စွာ ကျယ်ပြန့်လာခြင်းဖြစ်ရာ စိုးရိမ်စရာအနေအထားသို့ ရောက်လာခဲ့သည်။ ထိုသို့ ဧရိယာအကျယ်အဝန်း ကျယ်ပြန့်လာမှုကြောင့် ၂၀၀၈ခုနှစ်အထိ မက္ကဆီကို ပင်လယ်ကွေ့မှ သေမင်းတမန်ဇုန်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး သေမင်းတမန်ဇုန် ဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့အကြီးဆုံး ဖြစ်လာခဲ့ပြီဖြစ်သည်။

မက္ကဆီကိုပင်လယ်ကွေ့ရှိ သေမင်းတမန်ဇုန်တွင် အောက်ဆီဂျင်တည်ရှိမှု ပမာဏ လွန်စွာနည်းပါးလျက်ရှိရာ ပင်လယ်ပျော်သတ္တဝါများ အသက်ရှင်သန် နေထိုင်မှုနှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများ ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်လာမည် ဖြစ်သည်ဟု အမေရိကန် အဏ္ဏဝါဗေဒပညာရှင် စကာဗီရာက ပြောကြားသည်။

ပိုမိုကြီးထွား

ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့်လည်း သေမင်းတမန်ဇုန် ဧရိယာ ပိုမိုကျယ်ပြန့်လာသည်ဖြစ်ရာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ဓာတုစွန့်ပစ်ပစ္စည်းများ တဖြည်းဖြည်း ပိုမိုများပြားလာသည့်အချက်တို့ကလည်း သေမင်းတမန်ဇုန်၏ ဧရိယာကို ပိုမိုကျယ်ပြန့်စေသည်ဟုဆို၏။

ထို့အတူ နျူကလီးယားစွန့်ပစ်ပစ္စည်းများကို ပင်လယ်သမုဒ္ဒရာအတွင်း စွန့်ပစ်မှု၊ ဓာတုလက်နက်များ ပင်လယ်သမုဒ္ဒရာအတွင်း စမ်းသပ်ပစ်ခတ်မှုနှင့် ရေနံတင်သင်္ဘောများမှ ရေနံယိုဖိတ်မှုများ အပါအဝင် သင်္ဘောနစ်မြုပ်မှုများကလည်း ပင်လယ်သမုဒ္ဒရာအတွင်း အဆိပ်ဓာတ်များ ပျော်ဝင်စေသည်။

ဆုံးရှုံးမှု

ထိုကဲ့သို့ သေမင်းတမန်ဇုန် ကျယ်ပြန့်လာမှုကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်း များ ထိခိုက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်ပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အဆိပ်ဓာတ်ငွေ့များ ပျံ့လွင့်နေမှုဖြစ်ပေါ်ခြင်းအပြင် လေဟာနယ်ရပ်ဝန်းများ ကျယ်ပြန့် စွာ ဖြစ်ပေါ်လာခြင်းတို့ကြောင့် လေယာဉ်များ ပျံသန်းစဉ် ရုတ်တရက်ပျက်ကျခြင်း တို့ကဲ့သို့ ဆိုးရွားသော ဖြစ်ရပ်များ ဖြစ်ပေါ်လာနိုင်သည်။

တိုက်တွန်း

ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရန်၊ ဓာတုပစ္စည်းများ စွန့်ပစ်မှုကန့်သတ်ရန်၊ လက်နက်စမ်းသပ်မှုများ ကင်းဝေးရန် အမေရိကန် အဏ္ဏဝါဗေဒ သုတေသနပညာရှင်များက တိုက်တွန်းထားသည်။ ။ **(အင်တာနက်)**

Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲ ကျင်းပပြီးစီး

ရန်ကုန် ဇွန် ၂၈

Premier Coffee Co.,Ltd. နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့ ပူးပေါင်း၍ Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကို ဇွန်၁၄ရက်မှ စတင်၍ ဧရာဝတီတိုင်း ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတ၊ ဖျာပုံနှင့် မအူပင် မြို့နယ်တို့၌ ကျင်းပရာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ **(အောက်ပုံ)**

ပြန်လည်ရွေးချယ်

အဆိုပါမြို့နယ်များမှ မြို့မိ မြို့ဖများ၊ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများ၊ လာရောက် ကြည့်ရှုအားပေးခဲ့ကြသော Premier Coffee ချစ်သူများနှင့် ကိုယ်စားလှယ်များ အားလုံးအား Premier Coffee Co., Ltd. နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေး တို့မှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ယင်းမြို့နယ်များ၌ ပထမဆုရရှိခဲ့ကြသူများ အား ရန်ကုန်မြို့ Capital Hypermarket ၌ မြန်မာတစ်ပြည်လုံးအနေဖြင့် ပထမ၊ ဒုတိယနှင့် တတိယဆု ပြန်လည်ရွေးချယ်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၂၄)ထွက်ရှိ

ရန်ကုန် ဇွန် ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ်(၂၄)၌ အမေရိကန် နိုင်ငံသား Mr.John William Yettaw ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင်း လျှို့ဝှက် ဝင်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ အထူးသတင်းနှင့်အတူ မြန်မာအစ ကို ရှာဖွေသည့် ဆရာချစ်စံဝင်းရေးသော '၁၁ရာစု ပုဂံထက်စောသော တကောင်း' Myanmar Discovery၊ ဆရာမန်းတင်၏ 'ညီညွတ်ရေးဇာတ်သိမ်း' Myanmar Channel၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် 'Prototype ဂိမ်းသုံးသပ်ချက်' Tech View ကဏ္ဍ၊ ဂျီအက်စ်အမ် ရေဒီယိုစခန်း ၃၃ခုတည်ဆောက်ရန် လုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးမည်၊ မန္တလေးကိုဖြတ်သန်းသွားမည့် နေကြတ်လမ်းကြောင်းကြောင့် ခရီးသွားလုပ်ငန်းများ အကျိုးရှိလာနိုင်၊ အမေရိကန်ဒေါ်လာ ၃၁သန်းဖိုး အပြန်အလှန်ကုန်သွယ်ရန် မြန်မာ-ကိုရီးယား နှစ်နိုင်ငံဆွေးနွေးနိုင်ခဲ့၊ အရွေးခံရသူများကို ဂျပန်သို့စေလွှတ်မည့် အပျော်တမ်း ရုပ်ရှင်ဒါရိုက်တာပြိုင်ပွဲ ကျင်းပမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'ပဉ္စမ အကြိမ် ရွှေအမြုတေ စာပေဆုပေးပွဲ ဆက်လက်ကျင်းပရန်မသေချာ' ရွှေအမြုတေမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးဝင်းငြိမ်းနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ ရိုးရိုးသားသား စီးပွားရှာကြသူများ၊ ဦး....ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကျွန်တော်တို့လူမျိုးတွေ ကားဝယ်စီးတာကို အနောက်က ရာသီဥတုအကြောင်း ပြပြီး တားဆီးတာတော့ ခွင့်ပြုမှာမဟုတ်ပါဘူး' ရာသီဥတုဆိုင်ရာ စေ့စပ်ညှိနှိုင်းပေးသူ ယုကျင်တိုင်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူး ဆောင်းပါးနှင့်အတူ ပေါ့ပ်တေးဂီတဘုရင် မိုက်ကယ်ဂျက်ဆင်ကွယ်လွန်၊ ကာမဂုဏ်အာရုံ အပျော်ကြူးစဉ် ပြည့်တန်ဆာက ချစ်သူဘီလျံနာသူဌေးကို သေနတ်ဖြင့်ပစ်သတ်၊ အာရှ ဒေသပတ်ဝန်းကျင် စိမ်းလန်းရေးအတွက် နျူကလီးယားစွမ်းအင် ရွေးချယ်ရန်ဖြစ်လာ၊ လူတို့၏ စွန့်ပစ်ပစ္စည်းများကို ဓာတ်ငွေ့ထုတ်လုပ်၍ အိမ်များတွင်သုံးစွဲနိုင်ရန်ကြံစည်၊ ၉/၁၁ ကာလမှ ကယ်ဆယ်ရေးခွေးတစ်ကောင်ကို ဂုဏ်ပြုသောအားဖြင့် ပုံတူခွေးငါးကောင် မျိုးပွား စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါး များ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e- Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

ရုရှားနှင့်အင်္ဂလာ စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရေး
သမ္မတမက်ဗီဒက်ဗ် ကတိကဝတ်ပြု

လောက်ဒါ ဇွန် ၂၈

ရုရှားနိုင်ငံသည် ယခုအချိန်မှစပြီး အင်ဂိုလာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအရှိန်မြှင့်တင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုတိုးမြှင့်မည်ဖြစ်ကြောင်း အင်ဂိုလာနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ဇွန်၂၆ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းနေ့က အင်ဂိုလာနိုင်ငံမြို့တော် လောက်ဒါတွင် ကျင်းပသော ရုရှားနှင့် အင်ဂိုလာနှစ်နိုင်ငံတို့အကြား သိပ္ပံနည်းပညာ၊ စစ်ရေးနှင့် ဟိုက်ဒရိုကာဗွန်နှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ရုရှားသမ္မတ မက်ဗီဒက်ဗ်က အထက်ပါအတိုင်း ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင်ရုရှားသမ္မတ မက်ဗီဒက်ဗ်သည်ထုတ်လုပ်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍများနှင့် အင်ဂိုဆက်အမည်ရှိ အင်ဂိုလာဆက်သွယ်ရေးဂြိုဟ်တု စတင်လွှတ်တင်နိုင်ရေးတို့ကဲ့သို့သောလုပ်ငန်းများကို ခေတ်မီအောင် အင်ဂိုလာနိုင်ငံအား ကူညီရန် ကတိကဝတ်ပြုခဲ့သည်။

ကတိပေး

နိုင်ငံတကာရေးရာ အထူးသဖြင့် အာဖရိကတိုက်နှင့် စပ်ဆိုင်သည့်ကိစ္စရပ်များတွင် ရုရှားနှင့် အင်ဂိုလာနှစ်နိုင်ငံတို့အကြား သဘောထားအမြင်များ မျှဝေဖလှယ်ရေးကိုလည်း မက်ဗီဒက်ဗ်က ကတိပေး ပြောကြားခဲ့သည်။ **(အင်တာနက်)**

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ပျက်ကျခဲ့သည့် ပြင်သစ်လေယာဉ်မှ ရှာဖွေတွေ့ရှိသည့် အစိတ်အပိုင်းများ ဘရာဇီးနိုင်ငံ ရီဆီဖီဆိပ်ကမ်းသို့ရောက်ရှိလာသည်ကို ဇွန်၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကီဖိုင်မြို့တွင် လေထီးခုန်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာသို့ လေထီးခုန်အားကစားသမားတစ်ဦး ဆင်းသက်လာသည်ကို ဇွန် ၂၅ရက်က တွေ့ရစဉ်။ (ယင်းပြိုင်ပွဲသို့ လေထီးအလွတ်ခုန် အားကစားသမား ၄၀ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်ဓာတ်ပုံ)**

ဇီဝလောင်စာနှင့်ကျန်းမာရေးစောင့်ရှောက်မှု သုတေသနလုပ်ငန်းများ
မက္ကဆီကိုနှင့် တရုတ်ပူးပေါင်းဆောင်ရွက်ကြမည်

မက္ကဆီကိုစီးတီး ဇွန် ၂၈

မက္ကဆီကိုနိုင်ငံမှ ထိပ်တန်းသိပ္ပံ သုတေသနအဖွဲ့သည် ဇီဝလောင်စာနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သုတေသနလုပ်ငန်း စီမံကိန်းများတွင် တရုတ်နိုင်ငံမှ ပေကျင်းဂျီနိုမစ်တက္ကသိုလ်နှင့် တရုတ် စိုက်ပျိုးရေးတက္ကသိုလ်တို့နှင့်အတူ စတင်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထိပ်တန်းအစိုးရအကြံပေးအရာရှိတစ်ဦးက ဇွန် ၂၇ရက်တွင် ဆင်ဟွာသို့ ပြောကြားသည်။

မက္ကဆီကိုနိုင်ငံရှိ တက္ကသိုလ်များမှ သိပ္ပံပညာရှင်များသည် ပြီးခဲ့သည့်နှစ်ဧပြီလအတွင်းက အဆိုပါတရုတ်တက္ကသိုလ် နှစ်ခုသို့ သွားရောက်လေ့လာခဲ့ကြပြီး ယခုအခါ နှစ်နိုင်ငံအစိုးရများသည် ယင်းသုတေသနစီမံကိန်းများအတွက် ရန်ပုံငွေထူထောင်ခြင်းနှင့် အခြားအသေးစိတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

နှစ်နိုင်ငံစလုံးသည် လောင်စာအတွက် ဟင်းသီးဟင်းရွက် စွန့်ပစ်ပစ္စည်းများကို အသုံးပြုသည့် အတွေ့အကြုံများ ရှိထားကြပြီးဖြစ်ကြောင်း၊ ယင်းသည်ပင် ယခုသုတေသန ပူးဆဲစီမံကိန်း၏ဒုတိယမျိုးဆက် ဇီဝလောင်စာများ ဖြစ်လာမည်ဖြစ်ကြောင်း ဇီဝဆေးသုတေသနပညာရှင် လာကလက်တီက ထုတ်ဖော်ပြောကြားခဲ့သည်။

လူတို့အစားအစာအတွက် အသုံးပြုသောအပင်များမှ ထုတ်လုပ်သည့် ပထမမျိုးဆက်အမည်ရှိ ဇီဝလောင်စာများသည် မက္ကဆီကိုနိုင်ငံတွင် အငြင်းပွားဖွယ်ရာများကို အစပျိုးခဲ့သည်။ မက္ကဆီကိုလူမျိုးများအတွက် အဓိကအစားအစာဖြစ်သည့် မက္ကဆီကိုချာပါတီလုပ်ရာတွင် အဓိကပစ္စည်းဖြစ်သည့် ပြောင်းဆန်မှုန့်ဈေးနှုန်းများ မြင့်တက်လာခြင်းအတွက် ၎င်းဇီဝလောင်စာထုတ်လုပ်မှုများမှာ အပြစ်ဖို့ခံနေကြရသည်။

ပထမမျိုးဆက် ဇီဝလောင်စာနှင့် နှိုင်းယှဉ်ပါက ဒုတိယမျိုးဆက်ဇီဝလောင်စာကို လူတို့စားသုံးသည့်သီးနှံမဟုတ်သည့် အခြားသီးနှံများမှ ထုတ်လုပ်သကဲ့သို့ စားသုံးသီးနှံစွန့်ပစ်ပစ္စည်းများမှ ထုတ်လုပ်ခြင်းပင်ဖြစ်သည်။ **(အင်တာနက်)**

ဆေးလိပ် စွဲစွဲမြဲမြဲသောက်သူများ ပျမ်းမျှ ၁၅နှစ်စော၍ သေဆုံးနိုင်ဟုဆို

ဝယ်လင်တန် ဇွန် ၂၈

ဆေးလိပ်သောက်သူများသည် အမှန်တကယ် နေထိုင်ရမည့်အသက်ထက် ၁၅ နှစ် အသက်တိုသွားနိုင်ကြောင်း နယူးဇီလန် ဆေးဘက်ဆိုင်ရာအဖွဲ့ (အင်န်ဇက်အမ်အေ) က မတ် ၂၇ရက်၌ သတိပေးပြောကြားလိုက်သည်။

၁၅ နှစ်

ဆေးလိပ်သောက်ခြင်းကို အဓိက အကြောင်းအရာတစ်ရပ်အနေဖြင့် ကမ္ဘာနှင့်အဝန်းကျယ်ကျယ်ပြန့်ပြန့် နိုင်ငံတကာတွင် လေ့လာဆန်းစစ်ချက်တစ်ရပ်အရ ဆေးလိပ်စွဲစွဲမြဲမြဲသောက်သူများသည် ဆေးလိပ်နှင့်ဆက်နွယ်သောရောဂါများဖြင့် ပျမ်းမျှ ၁၅ နှစ် စော၍ သေဆုံးလေ့ရှိကြောင်း အင်န်ဇက်အမ်အေ ယာယီဥက္ကဋ္ဌ ပေါလ်အော့ကယ်လ် ဖို့ဒ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရှောင်သင့်

ဆေးလိပ်သောက်သုံးမှု၏နောက်ဆက်တွဲ ဆိုးကျိုးအဖြစ် သေဆုံးမှုနှင့် ယင်းအကျိုးဆက်ကို မိသားစုများ မည်မျှခံစားရသည်ကို ဆရာဝန်များအနေဖြင့် တွေ့မြင်နေကြရကြောင်း၊ ကိုယ့်ကိုယ်ကိုနှင့် မိသားစုအတွက် အကောင်းဆုံး လုပ်နိုင်သည့်အရာမှာ ဆေးလိပ် သောက်ခြင်းကို ရှောင်ရှားခြင်းသာဖြစ်ကြောင်း အော့ကယ်လ်ဖို့ဒ်က ဆက်လက်ပြောကြားခဲ့သည်။

အကူအညီ

နီကိုတင်းဓာတ်လျှော့ချသည့် အစားထိုးကုထုံး အပါအဝင် ဆေးလိပ်ဖြတ်လိုသည့် ပြည်သူများအနေဖြင့် မိမိတို့ဌာနမှ အကူအညီများ ရယူနိုင်ကြောင်း ၎င်းက ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ အဝေးပြေးလမ်းမကြီး၌ ယာဉ်ဆင့်ကဲတိုက် လေးဦးသေဆုံး

ပေကျင်း ဇွန် ၂၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဂူကျိုပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ဇွန်၂၈ရက် နံနက်ပိုင်းက ထရပ်ကားသုံးစီးနှင့် ဆလွန်းကားတစ်စီးတို့ ဆင့်ကဲတိုက်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။

ဖြစ်ပွား

ဖြစ်ပွားမှုမှာ မန်ကျင်းမြို့နှင့် ကာလီမြို့ကိုဆက်သွယ်ထားသည့် အမှတ် ၃ အဝေးပြေး လမ်းမကြီးပေါ်တွင် နံနက် ၃ နာရီ ၁၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မန်ကျင်းမီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ အလျင်အမြန်တင်ပို့ပေးခဲ့ပြီး ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။ **(အင်တာနက်)**

မုန်တိုင်းတိုက်ခတ်

ချက်သမ္မတနိုင်ငံအရှေ့ပိုင်း ဂျီဆန်နက်နက်အော်ဒရီမြို့တွင် မုန်တိုင်းတိုက်ခတ်သွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မလေးရှား၌ မူးယစ်ဆေးဝါး ၂၇ ကီလိုဂရမ် သိမ်းဆည်းရမိ

ကွာလာလမ်ပူ ဇွန် ၂၈

မလေးရှားအကောက်အခွန်ဝန်ထမ်းများက မူးယစ်ဆေးဝါး ၂၇ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း မလေးရှားအမျိုးသားသတင်းအေဂျင်စီက ဇွန် ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဒူဘိုင်းနိုင်ငံမှ မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ရောက်ရှိလာသည့် အီရန်နိုင်ငံသားတစ်ဦး၏ ခရီးဆောင်အိတ်အတွင်း၌ ဝှက်ယူလာသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄ သန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး ၂၃ကီလိုဂရမ်ကို အကောက်အခွန်ဝန်ထမ်းများက ရှာဖွေတွေ့ရှိကာ သိမ်းဆည်းနိုင်ခဲ့သည်။

ဖမ်းဆီး

ယင်းအီရန်အမျိုးသားအားဖမ်းဆီးကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မလေးရှားအကောက်ခွန် ဝန်ထမ်းများအနေဖြင့် ယခုမူးယစ်ဆေးဝါးဖမ်းဆီးနိုင်မှုမှာ ပမာဏအများဆုံးပင်ဖြစ်ကြောင်း အကောက်ခွန်အရာရှိတစ်ဦးက ပြောကြားသည်။

ဇွန် ၂၇ရက်ကလည်း ကိုလံဘီယာနိုင်ငံမှရောက်ရှိလာသည့် အီရန်နိုင်ငံသားတစ်ဦးထံမှလည်း မူးယစ်ဆေးဝါး လေးကီလိုဂရမ်ကို အကောက်ခွန်အရာရှိများက သိမ်းဆည်းရမိခဲ့သည်။ **(အင်တာနက်)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မူလတန်းကျောင်းတွင် ဆရာ ဆရာမများက ကျောင်းသူလေးတစ်ဦးအား A(H1N1) တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ပေးလျက်ရှိသည်ကို ဇွန် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

စပိန်အရှေ့ပိုင်း၌ နှင်းမုန်တိုင်းတိုက်ခတ်

စပိန်နိုင်ငံ အရှေ့ပိုင်းနှင့် မက်ဒရစ်မြို့တောင်ပိုင်းဒေသများတွင် ဇွန်၂၈ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ပြီး မော်တော်ယာဉ်သွားလာမှု ရပ်ဆိုင်းသွားကြောင်း စပိန်အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

နီပေါ၌ မြေပြိုမှုဖြစ်ပွား

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မြောက်ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာ၌ ဇွန်၂၈ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း နီပေါအရာရှိများ ကပြောကြားသည်။

ဘယ်လ်ဂျီယံသင်္ဘောနှင့် သင်္ဘောသားများအား ဆိုမာလီလက်နက်ကိုင်များ ပြန်လွှတ်

နှစ်လကြာ ဖမ်းဆီးထားသော ဘယ်လ်ဂျီယံ သောင်တူးသင်္ဘောတစ်စင်းနှင့် သင်္ဘောသား ၁၀ဦးအား ဆိုမာလီလက်နက်ကိုင်များက ဇွန်၂၈ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဘယ်လ်ဂျီယံအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

တောင်ကိုရီးယားသမ္မတ ဂျပန်သို့ရောက်ရှိ

တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်သည် ဂျပန်ဝန်ကြီးချုပ် တာရိုအာဆိုနှင့် တွေ့ဆုံဆွေးနွေးရန် ဇွန်၂၈ရက်က တစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိလာကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ အနောက်မြောက်ကမ်းလွန်၌ ကုန်တင်သင်္ဘောနှစ်စင်း တိုက်မိ

တူရကီနိုင်ငံ အနောက်မြောက်ကမ်းလွန်တွင် ဇွန် ၂၈ရက်က မော်လ်တာနိုင်ငံမှ ကုန်တင်သင်္ဘောနှင့် ဂျာမနီကုန်တင်သင်္ဘောတို့ တိုက်မိခဲ့ကြောင်း၊ သင်္ဘောနှစ်စင်းမှ သင်္ဘောသား ၃၅ဦးမှာ အသက်ကယ်စက်လှေဖြင့် ဘေးကင်းရာသို့ ရှောင်တိမ်းနိုင်ခဲ့ကြောင်း တူရကီကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ မီးရှူးမီးပန်း ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း ဂုကျောင်ယင်းကျေးရွာတွင် မီးရှူးမီးပန်းပြုလုပ်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမှ ဇွန်၂၈ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နယူးဇီလန်တောင်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်၊ နေအိမ်အချို့ပျက်စီး

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကမ်းလွန်တွင် ဇွန်၂၈ရက် မွန်းလွဲပိုင်းက ရစ်ချ်တာစကေး ၆ရှိသော အင်အားပြင်းငလျင်လှုပ်သွားရာ နယူးဇီလန်နိုင်ငံတောင်ပိုင်း ရို့စ်မြို့၌ နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့မြောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးယိုးမြို့မြောက်ပိုင်းတွင် ဇွန်၂၈ရက် နံနက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦး သေဆုံးသွားသည်။ (အပေါ်ပုံ)

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ရှိ စီးပွားရေးဆိုင်ရာ အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်လျက်ရှိသည်ကို ဇွန် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေ ၂၀၅၀ ပြည့်နှစ်တွင် လေးဆတိုးလာမည်ဟုဆို

ဝါရှင်တန် ဇွန် ၂၈

ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုဦးရေသည် ၂၁ ရာစုအလယ်၌ သုံးဆတိုးလာမည်ဟု ခန့်မှန်းထားချိန်တွင် အိန္ဒိယနိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေသည် လေးဆတိုးလာမည်ဟု အမေရိကန် သန်းခေါင်စာရင်းဌာနက ဇွန်၂၈ရက်၌ ထုတ်ဖော်ပြောကြားသည်။

နှစ်ဆ

ကမ္ဘာပေါ်တွင် အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ဦးရေသည် ၂၀၀၉ခုနှစ် တွင် ၅၁၆ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၅၃ ဘီလီယံတိုးလာမည်ဟု ယင်းသန်းခေါင်စာရင်း ဌာန၏ နောက်ဆုံး အစီရင်ခံစာ၌ ဖော်ပြသည်။ အမေရိကန်နိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေသည် အလားတူကာလတွင် နှစ်ဆဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ပြောကြား

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံများဖြစ်သော်လည်း ယင်းနိုင်ငံများရှိ သက်ကြီးရွယ်အိုဦးရေသည် ယနေ့ ယင်းနိုင်ငံတို့၌ စုစုပေါင်းလူဦးရေ၏ ရာခိုင်နှုန်း ပမာဏမြင့်မားမှုကို ကိုယ်စားမပြုနိုင်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။ သို့သော်လည်း ယင်းနိုင်ငံများတွင် သက်ကြီးရွယ်အိုဦးရေ ပမာဏအမှန်တကယ် အများဆုံးရှိပြီး ၁၀၉ သန်းနှင့် ၆၂ သန်း အသီးသီးရှိကြသည်ဟုဆိုသည်။ ယင်းနှစ်နိုင်ငံစလုံးတွင် သက်ကြီးရွယ်အိုဦးရေ လျင်မြန်စွာမြင့်မားလာလျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် သန်း၃၅၀နှင့် သန်း၂၄၀ အသီးသီးရှိလာမည်ဟု နှစ်နိုင်ငံစလုံးကို ခန့်မှန်းထားသည်ဟု အမေရိကန် သန်းခေါင်စာရင်းဌာနက ပြောကြားသည်။

ကိုယ်စားပြု

၂၀၀၉ခုနှစ်မှ ၂၀၅၀ ပြည့်နှစ်အတွင်း အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် သန်း ၄၀ မှ ၂၁၉ သန်းအထိ ငါးဆကျော် တိုးလာမည်ဟု ခန့်မှန်းထားသည်။ အကြောင်းမှာ ယေဘုယျအားဖြင့် အမျိုးသမီးများသည် အသက်ပိုရှည်ပြီး ကမ္ဘာ့သက်ကြီးရွယ်အို ဦးရေ၏ ထက်ဝက်ထက် အနည်းငယ်ပိုကာ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ၏ သုံးပုံနှစ်ပုံနီးပါးကို ကိုယ်စားပြုနေသောကြောင့် ဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေပီတီအိုင်**

လုံခြုံရေးတပ်ဖွဲ့နှင့်မူးယစ်ဂိုဏ်းဝင်များ အပြန်အလှန်ပစ်ခတ်

မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း၌ ၁၂ ဦးသေဆုံး

ဂွါနာဂျူအာတို ဇွန် ၂၈

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ဇွန် ၂၆ရက်က ပစ်ခတ်မှုဖြစ်ပွားရာ ၁၂ဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံအလယ်ပိုင်း ဂွါနာဂျူအာတိုပြည်နယ် အပါဆီယိုဘီအယ်လ်တိုမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မူးယစ်ဂိုဏ်းဝင်များအားဖမ်းဆီးရန်ကြိုးစားပြီးနောက် ၎င်းတို့က ရဲတပ်ဖွဲ့ဝင်များအား သေနတ်များဖြင့်ပစ်ခတ်ပြီး လက်ပစ်ဗုံးများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

သတင်းထုတ်ပြန်

မူးယစ်ဂိုဏ်းတစ်ဂိုဏ်း စတည်းချလုပ်ရှားရာအိမ်ဟု သံသယရှိသည့် အိမ်တစ်အိမ်ကို ရဲတပ်ဖွဲ့ကဝင်ရောက်စီးနင်းခဲ့ပြီးနောက် ယင်းပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများက သေဆုံးသူစာရင်းကို ချက်ချင်းထုတ်ပြန်ခြင်းမရှိသေးကြောင်း၊ သို့သော်လည်း နေ့အချိန်ဖြစ်ပွားခဲ့သော ယင်းပစ်ခတ်မှုတွင် မူးယစ်ဂိုဏ်းဝင်အများစုအပါအဝင် ၁၂ ဦးသေဆုံးကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

အချင်းချင်းတိုက်ခိုက်

အမေရိကတိုက် အလယ်ပိုင်းမှတစ်ဆင့် ကမ္ဘာ့မူးယစ်ဆေးသုံးစွဲမှု အများဆုံးဖြစ်သည့် အမေရိကန်နိုင်ငံအတွင်းသို့ ကိုကင်းမှောင်ခိုလမ်းကြောင်းများမှ မူးယစ်ဆေးတင်ပို့ရာတွင် ပြိုင်ဘက်မူးယစ်ဂိုဏ်းအချင်းချင်းတိုက်ခိုက်ကြသကဲ့သို့ အမေရိကန်နယ်စပ်မှတစ်ဆင့် မက္ကဆီကိုနိုင်ငံအတွင်းသို့ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀တန်ဖိုးရှိ မူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုအတွက်လည်း ၎င်းတို့အချင်းချင်းတိုက်ခိုက်လေ့ရှိကြကြောင်း သိရသည်။ **အမ်အင်န်အေရိုက်တာ**

ပါဝင်ယှဉ်ပြိုင်

တရုတ်နိုင်ငံ ပေကျင်းမြို့၌ တရုတ်ရိုးရာကျားထိုးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူများအား ဇွန် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ် ရထားပေါ်၌ ဗုံးပေါက်ကွဲ

ဒါကာ ဇွန် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်တောင်ဘက် ၁၇၈ကီလိုမီတာအကွာ ဂျဟာန်ဒါပြည်နယ် ချဟူဒန်ဟာမြို့ရှိ ခရီးသည်တင်ရထားပေါ်၌ ဇွန် ၂၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခရီးသည်ရှစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ယင်းနေ့ ညနေဖနာရီခန့်က ဘူတာရုံတွင် ရပ်နားထားစဉ် ရထားရှေ့တွဲမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူငါးဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

29-6 (05).pmd 1 6/29/2009, 2:17 AM

ရတနာပုံအသင်း ဥဿာယူနိုက်တက်ကိုအနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

သတင်းမြင်ကွင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-တင်စိုးနှင့်သိန်းဝင်းလေး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၈

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၅)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းက ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက်အသင်းကို နှစ်ဂိုး -ဂိုးမရှိနဲ့ အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပါတယ်။

ရတနာပုံအသင်း - နှစ်ဂိုး
ဥဿာယူနိုက်တက်အသင်း- ဂိုးမရှိ

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းကတော့ MNL CUPပြိုင်ပွဲမှာ ပထမဦးဆုံး ဗိုလ်လုပွဲကို တက်ရောက်နိုင်တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ပါတယ်။ ဗိုလ်လုပွဲတက်ရေး အရေးပါတဲ့ပွဲမှာ မကွေးအသင်းကို အနိုင်ယူခဲ့တဲ့ ရတနာပုံအသင်းကတော့ ဗိုလ်လုပွဲတက်ရောက်နိုင်ဖို့အတွက် အခုပွဲကို အများမခံခဲ့ပါဘူး။ မကွေးအသင်းကို အနိုင်ရခဲ့တဲ့လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ကစားခဲ့လို့ ဥဿာယူနိုက်တက်ဘက်ကို ဖိကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့လို့ နှစ်ဂိုးနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

အရေးနိမ့်

ဥဿာယူနိုက်တက် အသင်းကတော့ ရတနာပုံအသင်းရဲ့ ဗိုလ်လုပွဲတက်ရေး မျှော်လင့်ချက်တွေကို တားဆီးနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ပထမပိုင်းမှာ ဂိုးနှစ်ဂိုး ပေးလိုက်ရတာကြောင့် ဒုတိယပိုင်းမှာ ကစားအားကျသွားပြီး ချေပဂိုးရရှိအောင် မစွမ်းဆောင်တော့သလို ပထမပိုင်းမှာ ရခဲ့တဲ့ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့လို့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။

အသုံးမချနိုင်

ရတနာပုံက အနိုင်ရဖို့ပွဲစကတည်းက တိုက်စစ်အသားပေး ကစားခဲ့သလို ဥဿာယူနိုက်တက်ကလည်း ရတနာပုံကို ခံမကစားဘဲ တိုက်စစ်ဖွင့် ကစားခဲ့တာကြောင့် အပြန်အလှန်ရှိခဲ့ပါတယ်။ ကိုးမိနစ်မှာတော့ ရတနာပုံတို့ ဂိုးစရခဲ့ပြီး ပယ်နယ်တီကတစ်ဆင့် ရန်ပိုင်က သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဥဿာယူနိုက်တက်တို့ ပြန်ဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်တဲ့ အခွင့်အရေးတွေကို ကျော်သက်ဦး၊ မြတ်မင်းသူတို့ အသုံးမချနိုင်ခဲ့ပါဘူး။ ရတနာပုံကလည်း အနိုင်ကို သေချာစေဖို့အတွက် ဂိုးထပ်ရဖို့ ကြိုးစားခဲ့ပြီး ၄၁မိနစ်မှာ ရန်ပိုင်ကပဲ ဥဿာယူနိုက်တက် နောက်ခံလူတွေကြားက ကန်သွင်းယူခဲ့လို့ ပထမပိုင်းအပြီးကတည်းက နှစ်ဂိုးပြတ်နဲ့ ရတနာပုံတို့ အနိုင်ရနေခဲ့ပါတယ်။

အကောင်းဆုံးဆု ရရှိသည့် ရတနာပုံအသင်းမှ ရန်ပိုင်အား ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဒုတိယပိုင်းမှာတော့ ဥဿာယူနိုက်တက်ရဲ့ ကစားပုံဟာ ပထမပိုင်းလောက် မကောင်းတော့လို့ ရတနာပုံအသင်းတို့ ဖိကစားနိုင်ခဲ့ပါတယ်။ ၄၈မိနစ်မှာ အောင်ကျော်မိုး ပေးတာကို ခံစစ်ကနေ တိုက်စစ်ကို လိုက်ပါသွားတဲ့ ကမ်ဘူး ပိတ်သွင်းယူခဲ့ပေမယ့် လူကျွံဘောဖြစ်နေလို့ နစ်နာခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာလည်း ရတနာပုံတို့ ဂိုးသွင်းခွင့်တွေ ထပ်ရခဲ့ပြီး မယ်လာရီရဲ့ ထောင့်ဖြတ်ကန်သွင်းချက် ဘေးထွက်ခဲ့သလို ရန်ပိုင် အပိုင်နှစ်လုံးထပ်ရပေမယ့် အသုံးချနိုင်ခြင်းမရှိခဲ့ပါဘူး။ ရတနာပုံတို့ ဒုတိယပိုင်းမှာ ဂိုးထပ်မရပေမယ့် ပထမပိုင်းမှာ သွင်းယူခဲ့တဲ့ နှစ်ဂိုးနဲ့ပဲ အနိုင်ရခဲ့ပြီး ရှုံးပွဲမရှိ စံချိန်တင်ကာ ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ရန်ပိုင် (ရတနာပုံ)ကို Grand Royal မှ ငွေကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ရတနာပုံအသင်းကို ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၀သိန်း ချီးမြှင့်ခဲ့ပါတယ်။

ရတနာပုံအသင်းမှာ **ဂိုး**-ယဉ်မင်းအောင်၊ **နောက်တန်း**-ခင်မောင်ထွန်း၊ ဂျီနှန်ဆီယန်၊ သူရိန်စိုး၊ ကမ်ဘူး၊ **အလယ်တန်း**-အေးမိုး၊ အောင်ကျော်မိုး၊ မယ်လာရီ (ပိုင်စိုး)၊ ဘာဘို၊ **ရှေ့တန်း**-ရန်ပိုင်နှင့် ထွန်းထွန်းဝင်းတို့ ပါဝင်ကစားခဲ့ကြပြီး ဥဿာယူနိုက်တက်အသင်းမှာ **ဂိုး**-ကိုကိုအောင်၊ **နောက်တန်း**- နီမောင်မောင်အောင်၊ အောင်လတ်သူ၊မျိုးဝင်းအောင်၊ကျော်စိုးလွင်၊ **အလယ်တန်း**-စောမြတ်အေး၊ ဇော်ဇင်ထက်၊ လှထွန်းအောင် (ဇင်မင်းထက်)၊ မြတ်မင်းသူ(ခိုင်ထူး)၊ **ရှေ့တန်း**-ကျော်သက်ဦးနဲ့ မိုးအိုက်ခိုင် (သန်းဇော်လင်း) တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ဥဿာယူနိုက်တက် နည်းပြချုပ် ဦးဝင်းတင်က **"အခုပွဲမှာ ရတနာပုံ အသာရခဲ့ပါတယ်။ ကျွန်တော့်ကစားသမားတွေ ကြိုးစားယှဉ်ပြိုင်ပေမယ့် တစ်ဖက်အသင်းက အသင်းကြီးပါ။ အမှားတချို့ကနေ ပယ်နယ်တီ စပေးခဲ့ရပါတယ်။ ကျွန်တော့်ကစားသမားတွေ ဂိုးသွင်းအားနည်းလို့ ရှုံးတာလည်း ပါပါတယ်။ အခုပြိုင်ပွဲမှာ အဆင့်(၅-၆) လောက်ရမယ်လို့ မှန်းထားပါတယ်"**လို့ ပြောကြားခဲ့ပါတယ်။

ရတနာပုံအသင်းနည်းပြချုပ် ရိုဟန်က **"အခုပွဲဟာ ဒီရလဒ်ထက် ဂိုးပြတ်အနိုင်ရသင့်ပါတယ်။ ကျွန်တော့်ကစားသမားတွေ အခွင့်အရေးတွေ လွှဲချော်ခဲ့သလို ပြည်ပကစားသမားလေးဦးကလည်း ဖျားနာနေရင်း ပါဝင်ကစားခဲ့တာပါ။ ရန်ပိုင်ကလည်း နေမကောင်းဖြစ်ပြီး ပြန်ကောင်းတာ နှစ်ရက်ပဲရှိပါသေးတယ်။ ဗိုလ်လုပွဲမှာ မကွေးနဲ့ ရန်ကုန်ဘယ်အသင်းနဲ့ပဲတွေ့တွေ့ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဒါပေမယ့် ဘယ်အသင်းနဲ့ တွေ့တွေ့ ကျွန်တော်မကြောက်ပါဘူး။ အနိုင်ရမှာပါ"**လို့ ပြောကြားခဲ့ပါတယ်။ ။

ဥဿာယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည့် ရတနာပုံအသင်းအား ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ F.C- ဒဲလ်တာယူနိုက်တက် F.C။

(မြန်မာ့အလင်း)

ဥဿာယူနိုက်တက်အသင်းအား အနိုင်ရရှိသွားသော ရတနာပုံအသင်း။ (မြန်မာ့အလင်း)

(၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၉ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၇ရက် ညနေ ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဒိုင်လူကြီးလိုင်စင်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က မေ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့သော အလေးမဒိုင်လူကြီးသင်တန်းတွင် တက်ရောက်အောင်မြင်ခဲ့ကြသူ ၁၅ဦးတို့အား ဒိုင်လူကြီးလိုင်စင်ကို အပ်နှင်းသည်။

ထို့နောက် ပြိုင်ပွဲဝင်အမျိုးသမီး(ပထမတန်းအဆင့်)အလေးမ ပြိုင်ပွဲကို စတင်ကျင်းပပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အမျိုးသမီး ၄၈ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်း စံချိန် ၁၃၄ကီလိုဖြင့် ပထမရရှိသော တင်တင်လှ (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)အားလည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး ၅၃ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်းစံချိန် ၁၈၅ကီလိုဖြင့် ပထမရရှိသော အေးသန္တာလွင် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)အားလည်းကောင်း၊ ၅၈ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်းစံချိန် ကီလို၁၉၀ဖြင့် ပထမရရှိသူ သောရေဖောအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ၆၃ကီလိုတန်းပြိုင်ပွဲတွင် စုစုပေါင်းစံချိန် ၁၇၅ကီလိုဖြင့် ပထမရရှိသော ရွှေစင်ဝင်း(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့် ၆၉ကီလိုတန်း ပြိုင်ပွဲတွင် စုစုပေါင်းစံချိန် ကီလို၂၁၀ဖြင့် ပထမရရှိသော ရာသက်ပန် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့ ယူအေအီးသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၈

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ဇွန် ၂၈ရက်နှင့် ၂၉ရက်တို့တွင် ကျင်းပမည့် Middle East Africa and Asia Rice Summit 2009 သို့တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး ဦးဆောင်သည့် ၁၈ဦးပါအဖွဲ့သည် ဇွန်၂၆ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ် မိုးပြာကျေးရွာအုပ်စုနှင့် ရေဂလုပ်ကျေးရွာအုပ်စုတို့၌ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ တင်ဝင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအကြောင်း ဟောပြောခြင်း၊ ပိုးလောက်လမ်းများ စစ်ဆေးခြင်း၊ အဆိပ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများကို ဇွန်၁၃ရက် နံနက်၈နာရီက ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုး

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ဇွန်၃ရက်က ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ရမည်းသင်းမြို့နယ်အပိုင်း (၁၈မိုင် ၂ဖာလုံအတွင်း) လမ်းပေါ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တိုင်းရင်းဆေးသုတေသီများနှင့် တွေ့ဆုံမှာကြား

နေပြည်တော် ဇွန် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဇွန် ၂၆ ရက်က ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသော သုတေသီပညာရှင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရောဂါကြီး ခြောက်မျိုးဖြစ်သော ငှက်ဖျား၊တီဘီ၊ သွေးတိုး၊ဆီးချို၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါတို့ကို တိုင်းရင်းဆေးဖြင့် ကုသနိုင်အောင် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူအများအသုံးပြုနိုင်အောင် တိုင်းရင်းဆေးများကို ထုတ်လုပ်သုံးစွဲနိုင်ခဲ့ကြောင်း၊ ယခုအခါတွင် အနောက်တိုင်းဆေးဖြင့် ကုသ၍ ပျောက်ကင်းရန် ခက်ခဲသော ဆေးယဉ်ပါးတီဘီရောဂါ(MDRTB) ရောဂါရှင်များအား တိုင်းရင်းဆေးဖြင့် ပေါင်းစပ်သုတေသနပြုကုသခဲ့သဖြင့် ထူးထူးခြားခြား အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာသော်ဇင်၊ ဒေါက်တာခင်ချစ်၊ ပိုးမွှားဗေဒဆရာဝန်ကြီး ဒေါက်တာတီတီနှင့် တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းလွင်တို့က ဆေးယဉ်ပါးတီဘီရောဂါအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်း အောင်မြင်မှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော သုတေသီများက သိလိုသည်များကို သက်ဆိုင်ရာသုတေသီများက ရှင်းလင်းဖြေကြားကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့၌ ရေနုတ်မြောင်းများ တူးဖော်သန့်ရှင်း

ကျောက်ဆည် ဇွန် ၂၈

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အချိန်အပတ်ဖြင့် ဆောင်ရွက်လျက်ရှိရာ မေ၂၅ရက်က ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံရှေ့ ရေနုတ်မြောင်းများ တူးဖော်သန့်ရှင်းရေး ပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် ဦးစီးအရာရှိ ဦးဘဂွမ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2009

ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး ဇွန် ၂၈

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ရက် နံနက် ၁၀နာရီက ပဲခူးမြို့ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပရာ တိုင်းဦးစီးဌာနမှူး (အပေါ်ပုံ)က အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းများ အခြေအနေနှင့် ငါးမြစ်ချင်း မျိုးဗီဇမြှင့်တင်ရေးအတွက် မျိုးငါးစုဆောင်းပြီးစီးမှုနှင့် သားဖောက်ရန် ဆောင်ရွက်နေသည့်အပေါ် ထောက်ပံ့ပေးနိုင်မှု၊ ၂၀၀၈-၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ဝန်ထမ်းသားသမီးများအတွက် ချီးမြှင့်ငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အခမ်းအနားသို့ တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်စခန်းများမှ တာဝန်ခံများ တက်ရောက်ကြသည်။

တိုင်းဦးစီးဌာနမှ အင်းနယ်နိမိတ်အတွင်း ကျောက်တိုင် စိုက်ထူခြင်းများ အငြင်းပွားမှုနည်းစေရေး၊ အခွန်အခဆုံးရှုံးမှု မရှိစေရေး၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုများတွင် ဓာတုဆိုးဆေး၊ ခွင့်မပြုသော ဓာတုဆေးဝါးများ မပါရှိစေရေးနှင့် စနစ်တကျထုတ်လုပ်မှု ရှိစေရေးတို့အတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ပဲခူးတိုင်းအနေဖြင့် ထုတ်လုပ်မှုနှစ်ဆတိုး၍ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားငွေပြည့်မီစွာရရှိအောင် ဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုး၍ တင်ပို့နိုင်မည်ဖြစ်သဖြင့် ပဲခူးတိုင်းမှ ရေချိုငါးထုတ်လုပ်မှုကို ပိုမိုထုတ်နိုင်ရန် တွန်းအားပေးဆောင်ရွက်သွားကြရန်၊ ငါးရစ်ငါးသန်ကာလတွင် ဘက်ထရီရှော့တိုက်ခြင်းလုပ်ငန်းများ၊ ပညာပေးစည်းရုံးခြင်းနှင့် စစ်ဆေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

(တိုင်းငါးလုပ်ငန်းဦးစီးဌာန)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ကျင်းပ

ရန်ကုန် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက အထက(၄)အလုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှပေးပို့သော သဝဏ်လွှာကို အလုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အထက်တန်းဆင့် ဆုရကျောင်းသူသုံးဦးအား မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်က လည်းကောင်း **(အောက်ပုံ)**၊ အလယ်တန်းဆင့်ဆုရ ကျောင်းသူသုံးဦးအား မြို့နယ်ပညာရေးမှူး ဦးဘရီက လည်းကောင်း၊ မူလတန်းဆင့်ဆုရ ကျောင်းသူသုံးဦးအား အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းလွင်ကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုံမြို့နယ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှားပါးစာအုပ်ပြပွဲနှင့် အရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇွန် ၂၈

ဇီဇဝါစာအုပ်တိုက်နှင့် ဝါးလည်ရွာစာပေတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ် ရှားပါးစာအုပ်ပြပွဲနှင့် အရောင်းပွဲတော်ဖွင့်ပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ဇီဇဝါစာအုပ်တိုက် တည်ရှိရာ အမှတ် ၂၅ နံ့သာလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ ပြပွဲပြသခွင့် လက်မှတ်ကို စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးဝင်းခင်က ဇီဇဝါစာအုပ်တိုက်ပိုင်ရှင် ဦးကျော်မင်းသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ခင်းကျင်းပြသ

အဆိုပါ စာအုပ် အရောင်းပွဲတော်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း တစ်သက်တာ ရေးသားပြုစုခဲ့ပြီး စာအုပ်အဖြစ် ထွက်ရှိခဲ့သော စာအုပ် ၃၀ ခန့်နှင့် ၁၉၃၇-၄၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် ရှာဖွေတွေ့ရှိရန် မလွယ်ကူတော့သည့် နဂါးနီတိုက်ထုတ် စာအုပ် ၆၀ ကျော်ကို ခင်းကျင်းပြသထားသည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်ပတ်သက်သည့် သမိုင်းဆိုင်ရာ စာအုပ်စာတမ်းများလည်း ခင်းကျင်း ပြသထားသည်။

စာအုပ်မျိုးစုံ

ထို့ပြင် စာပေဝါသနာရှင်များ၊ဘာသာရေးလေ့လာလိုက်စားသူများ၊ ကျောင်းသားကျောင်းသူများနှင့် အသိပညာ၊ အတတ်ပညာနယ်ပယ်အသီးသီးရှိ စာပေဝါသနာရှင်များအတွက် ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သည့် သုတ၊ရသ၊ပညာပေး ရှားပါးစာအုပ်မျိုးစုံကိုလည်း အဖိုးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရန် စီစဉ်ထားသည်။

ရောင်းချပေး

အဆိုပါ စာအုပ်များတွင် ဘာသာရေး၊ အတွေးအခေါ်၊ အတ္ထုပ္ပတ္တိ၊ အဘိဓာန် စာအုပ်မျိုးစုံ၊ မြန်မာစာရေးဆရာကြီး ဆရာမကြီးများ၏ ဂန္ထဝင်စာစုများ၊ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ရိုးရာ စာအုပ်များ၊ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ဥပဒေပညာ၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရပ်မျိုးစုံစာအုပ်များ၊ Books on Myanmar စာအုပ်များ စသည့် အင်္ဂလိပ်၊ မြန်မာစာအုပ် မျိုးစုံအုပ်ရေ လေးသောင်းကျော် ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ ဈေးပွဲတော်ရက်များအတွင်း လာရောက် ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် လည်းကောင်း၊ စာကြည့်တိုက်များသို့ ၁၅ ရာခိုင်နှုန်းလျှော့ဈေးဖြင့် လည်းကောင်း ရောင်းချပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ရှားပါးစာအုပ် ပြပွဲနှင့် အရောင်းပွဲတော်ကို ဇူလိုင် ၁၂ ရက်အထိ ခင်းကျင်းပြသ ရောင်းချပေးမည်ဖြစ်သည်။ ဇီဇဝါစာအုပ်တိုက်ကို နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်လျက်ရှိရာ ဆက်သွယ်စုံစမ်းလိုသူများ ဖုန်း -၀၁-၂၁၆၂၇၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများ စလင်း၌ဆောင်ရွက်

စလင်း ဇွန် ၂၈

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်ရင်ရင်ရွှေ ဦးဆောင်သော စည်ပင်သာယာဝန်ထမ်းများသည် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ရေး လုပ်ငန်းစီမံချက်အကောင်အထည်ဖော်သည့်အနေဖြင့် စလင်းမြို့ ဈေးကြီးအတွင်း စားသောက်ဆိုင်များသန့်ရှင်းမှုအနေအထား ဆောင်ရွက်ရေး၊ သားငါးအရောင်းဆိုင်များ ယင်လုံသံဆန်ခါဖြင့် ဖုံးအုပ်ရေးကိစ္စများကို မေ ၂၃ ရက်က ပညာပေးနှိုးဆော် ကြပ်မတ်ဆောင်ရွက် စစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် ဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)
၂၉-၆-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၆။ အတီးပြိုင်ပွဲ
- ၈:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၈။ မနိုင်သောအရှုံး
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ အကပဒေသာ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
- ၄:၄၀ ၅။ မြန်မာစာ မြန်မာစကား
- ၄:၅၀ ၆။ တေးဂီတအစီအစဉ်
- ၅:၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၉။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ(အပိုင်း-၁)
- ၅:၄၀ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ဆိုကြမယ်ပျော်ကြမယ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၁၇)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(အပိုင်း-၆)
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်အရှေ့ပိုင်းခရိုင် သစ်တောဦးစီးဌာန တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးခြင်းအခမ်းအနားကို ဇွန် ၂၈ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၄)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ၌ ကျင်းပပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်၊ သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းဌေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်သူများက ကျွန်းပျိုးပင်များကို အိမ်တိုင်ရာရောက် စိုက်ပျိုးပေးကြစဉ်။
(သစ်တောဦးစီး)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဇွန် ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၇၃ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ဒသမ ၇၈လက်မ၊ မြောက်ဦးမြို့တွင် ၃ဒသမ ၇၄လက်မ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ ၆၄လက်မ၊ ပေါင်မြို့တွင် ၂ဒသမ ၅၆လက်မ၊ ကျိုက္ကမီနှင့် ဂွမြို့တို့တွင် ၂ဒသမ ၄၈လက်မစီနှင့် မောင်တောမြို့တွင် ၂ဒသမ ၄၀လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

* *ရှေ့ဖုံးမှ*

မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိသည့်ဆိုလျှင်ပင် နမ့်ဆန်မြို့နှင့် လက်ဖက်အကြောင်း သိကောင်းစရာအချို့ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က ရှင်းပြသည်။

"ကျွန်တော်တို့ နမ့်ဆန်မြို့နယ်မှာ လက်ဖက်စိုက်ဧက ၄၈၉၇၁ဧက ရှိပါတယ်။ တစ်ဧကအထွက်နှုန်း ၂၆၀ ဒသမ ၂၈ပိဿာ ထွက်ပါတယ်။ ထွက်ရှိလာတဲ့ လက်ဖက်ထဲက ၃၀ရာခိုင်နှုန်းကို အခါးခြောက် (Green Tea) အဖြစ်လုပ်ပါတယ်။ ၄၀ရာခိုင်နှုန်းကိုတော့ အချိုခြောက် (Black Tea) အဖြစ် ထုတ်လုပ်ပါတယ်။ ကျန် ၃၀ ရာခိုင်နှုန်းကိုတော့ လက်ဖက်စို (Wet Tea)အဖြစ် လုပ်ပါတယ်"ဟု မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က ရှင်းပြသည်။

သတ်မှတ်ထား

"ကျွန်တော်တို့နမ့်ဆန်မြို့ရဲ့အရှေ့ဘက်မှာရှိတဲ့ တောင်ကျော်၊ မန်လွယ်၊ နမ့်လင်း၊ ခေးခင်၊ လုံတောက်ကျေးရွာတွေဟာ လက်ဖက်ခြောက် အဓိက ထုတ်လုပ်ကြပါတယ်။ ဒါ့အပြင် နမ့်ဆန်တောင်ဘက်မှာရှိတဲ့ ကွမ်ဟယ်ကျေးရွာဟာလည်း လက်ဖက်ခြောက်ကောင်း ထွက်ရှိရာဒေသအဖြစ် သတ်မှတ်ထားတဲ့ ဒေသတစ်ခုပါပဲ။

လက်ဖက်စို

လက်ဖက်စို ထုတ်လုပ်မှုမှာတော့ နမ့်ဆန်မြို့ရဲ့ ခြေရင်းမှာရှိတဲ့ ဇယန်းကြီးကျေးရွာကို ဗဟိုပြုပြီး ဇယန်းကြီး၊ ဇယန်းမြောက်ရွာ၊ ဟိုရှောင်း၊ ပန်စေမိန်း၊ ကယားလမ်း၊ မန်မိုင်၊ မန်ခိုက်နှင့် ကျောက်ဖြူကျေးရွာတွေဟာလက်ဖက်စိုထွက်ရှိရာဒေသအဖြစ် နာမည်ကြီးပါတယ်။ ဒီဒေသမှာ မြေဆီလွှာသဘာဝကိုက အဝါရောင်သန်းနေတာကြောင့် ထွက်လာတဲ့ လက်ဖက်ကလဲ အဝါနုရောင်ဖြစ်နေတဲ့အတွက် လက်ဖက်စိုလုပ်ရာမှာ အလွန်ကောင်းပါတယ်"ဟု ဦးဆန်းလွင်က ဆက်လက်ရှင်းပြသည်။



လက်ဖက်ရွက်စိမ်းများကို လေအေးပေးနိုင်ရန် တပ်ဆင်ထားသော ပန်ကာကြီးများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နမ့်ဆန်မြို့သည် လက်ဖက်ထုတ်လုပ်ရာမြို့ဖြစ်သည့်အားလျော်စွာ မြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ လက်ဖက်တောင်သူများသည် နံနက်မိုးလင်းမှ ညနေပိုင်းအထိ လက်ဖက်ခူးကြရ။ ခူးပြီး လက်ဖက်ရွက်များကို ညနေပိုင်းတွင် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက် အချိုခြောက်စက်ရုံများသို့ သွားရောက်ကာ ဒေသပေါက်ဈေးအရ နေ့စဉ် ရောင်းချခြင်းဖြင့် လက်ဖက်လုပ်ငန်းများ လည်ပတ်နေကြောင်း သိရ။ အချို့ လက်ဖက်တောင်သူများသည် လက်ဖက်ကို စိုက်ပျိုးရုံသာမက ကိုယ်တိုင် ထုတ်လုပ်ကြ။



"ကျွန်တော်တို့ လွယ်ခမ်း အချိုခြောက်စက်ရုံကြီးက တစ်နာရီကို ၂၅၀ကီလိုဂရမ် ထုတ်လုပ်ပေးနိုင်ပါတယ်"
ဦးဝင်းထွန်းသန်း
စက်ရုံတာဝန်ခံ

ထုတ်လုပ်မှု

ဆက်လက်၍ လွယ်ခမ်း အချိုခြောက် စက်ရုံတာဝန်ခံ ဦးဝင်းထွန်းသန်းအား စက်ရုံသမိုင်းနှင့်ထုတ်လုပ်မှုအပိုင်းကို မေးမြန်းကြည့်မိသည်။

စက်ရုံသို့ ရောက်ရှိလာသော လက်ဖက်ရွက်စိမ်းများ ချိန်တွယ်ပြီးနောက် စက်ရုံဝန်ထမ်းတစ်ဦးက လေအေးပေးကန်အတွင်း ထည့်ပေးနေသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

"ကျွန်တော်တို့ ဒီလက်ဖက်အချိုခြောက်စက်ရုံကြီးဟာ နမ့်ဆန်မြို့အရှေ့ဘက် လွယ်ခမ်းကျေးရွာမှာ ရှိပါတယ်။ ဒီအချိုခြောက်စက်ရုံကြီးကို ၂၀၀၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ်မှာ စက်စွမ်းအားပြည့် ထုတ်လုပ်ပါတယ်။ တစ်နာရီကို လက်ဖက်အချိုခြောက် ၂၅၀ ကီလိုဂရမ်နှုန်း ထုတ်လုပ်ပေးနိုင်ပါတယ်။

အကျိုးအမြတ်

ကျွန်တော်တို့ လက်ဖက် အချိုခြောက်ထုတ်လုပ်ရာမှာ ORTHODOX METHOD နဲ့ CTE METHOD ဆိုပြီး နှစ်မျိုးရှိပါတယ်။ အော်တိုဒေါ့ဇ်စနစ် (ORTHODOX METHOD)ကတော့ လူများများသုံးရတဲ့ စက်ရုံဖြစ်ပြီး စီတီအီးစနစ် (CTE METHOD) ကတော့ လက်ဖက် အချိုခြောက် ထုတ်လုပ်မှု လုပ်ငန်းစဉ်များဖြစ်တဲ့ လေအေး၊ လေနွေးဖြင့် အနွမ်းခံခြင်း၊ ကြိတ်ခြေခြင်း၊ ဆန်ခါချခြင်း၊ အအေးခံအချဉ်ဖောက်ခြင်း၊အခြောက်ခံခြင်း၊ ဆန်ခါချအဆင့်ခွဲခြားခြင်း၊ နောက်ဆုံး သန့်စင်ခြင်းစတဲ့ အဆင့်အားလုံးကို စက်များ ထိန်းချုပ်အသုံးပြုတဲ့စနစ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိုခြောက်စက်ရုံကြီးဟာ လူနည်းနည်းနဲ့ အရည်အသွေးကောင်း လက်ဖက် အချိုခြောက် များများ ထုတ်လုပ်ပေးနိုင်ပါတယ်။ ဒီစက်ရုံကြီး ဒေသမှာ ပေါ်ပေါက်လာခြင်းအားဖြင့် ကုန်ကြမ်းကို ကုန်ချောအဖြစ် တိုက်ရိုက်ထုတ်လုပ်လာနိုင်တဲ့အတွက် ဒေသခံ ဒေသထွက် လက်ဖက်စိုက်တောင်သူများ အဖို့ အကျိုးအမြတ်ကောင်းများ ရရှိစေမှာဖြစ်ပါတယ်"ဟု လွယ်ခမ်း လက်ဖက် အချိုခြောက် စက်ရုံတာဝန်ခံ ဦးဝင်းထွန်းသန်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြပေးသည်။

စက်ရုံသို့ရောက်ရှိလာသော လက်ဖက်ရွက်စိမ်းများ လေအေးပေးထားသည့် ကန်အတွင်း စတင်ဖြတ်သန်းနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

လက်ဖက်ခူး

နမ့်ဆန်မြို့သည် လက်ဖက်ထုတ်လုပ်ရာ မြို့ဖြစ်သည့်အားလျော်စွာ မြို့နှင့်အနီးဝန်းကျင် ကျေးရွာများမှ လက်ဖက်တောင်သူများသည် နံနက်မိုးလင်းမှ ညနေပိုင်းအထိ လက်ဖက်ခူးကြရသည်။ ခူးပြီး လက်ဖက်ရွက်များကို ညနေပိုင်းတွင် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက်အချိုခြောက် စက်ရုံများသို့ သွားရောက်ကာ ဒေသပေါက်ဈေးအရ နေ့စဉ်ရောင်းချခြင်းဖြင့် လက်ဖက်လုပ်ငန်းများ လည်ပတ်နေကြောင်း သိရသည်။အချို့ လက်ဖက်တောင်သူများသည် လက်ဖက်ကိုစိုက်ပျိုးရုံသာမက ကိုယ်တိုင်ထုတ်လုပ်ကြကြောင်း သိရသည်။

ထင်ရှား

ဤသို့ဖြင့် နမ့်ဆန်မြို့သည် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက် အချိုခြောက်များကို အင်တိုက်အားတိုက်ထုတ်လုပ်လျက်ရှိသည့် လက်ဖက်မြို့အဖြစ် ဆက်လက်ထင်ရှားကျော်ကြားနေဦးမည်သာ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

နေပြည်တော်ခရိုင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ရက် နံနက် ၈နာရီက ကွဲရှင်းကျေးရွာအနီး ၄လိုက် ဆည်သွား ကားလမ်းဝဲ/ယာ၌ ကျင်းပရာ နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ခရိုင်သစ်တော ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ပေးအပ်ကြပြီး ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀၀ ကျော်တို့နှင့်အတူ ကျွန်းပင် ၅၀၀နှင့် ယူကလစ်ပင် ၁၆၀၀ တို့ကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ရှင်းလင်းတင်ပြ

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် သဲ၊ နုန်း စစ်ကန်မှ ရေပေးဝေ ဆောင်ရွက်ထားမှုကို စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ဇွန် ၁၀ရက်က ကွင်းဆင်း စစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ကာကွယ်နှိမ်နင်းရေး စစ်တွေမြို့နယ်၌ ရှင်းလင်း

စစ်တွေ ဇွန် ၂၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်တွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ကာကွယ်နှိမ်နင်းရေးလုပ်ငန်းရှင်းလင်းပွဲကို မေ၉ရက်နံနက်၉နာရီက ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်း

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာချိုထွန်းက ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအကြောင်းကို ပြောကြားပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်အပေါ် ထပ်ဆင့်ရှင်းလင်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ပြည်သူလူထုအားလုံးက တစ်ဦးချင်းအနေဖြင့် ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်-

မေး။ ။ရောဂါဖြစ်ပွားလာလျှင် ကုသရေးအတွက် ဆေးဝါးရှိပါသလား။

ဖြေ။ ။ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် Tamiflu (Oseltamivir) နှင့် Relenza (Zanamivir) ဆေးနှစ်မျိုးသည် ဤရောဂါပိုးအတွက် ကုသနိုင်စွမ်းရှိကြောင်း အထောက်အထား ရှိပါသည်။ ဤဆေးဝါးများကို ရောဂါစတင်ဖြစ်ပွားချိန်မှ ၄၈နာရီအတွင်း သုံးစွဲပါက ပိုမို ထိရောက်မှုရှိပါသည်။

မေး။ ။ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်သူသည် မည်သို့နေထိုင်ရမည်နည်း။

ဖြေ။ ။ မိမိကျန်းမာရေး အမြန်ဆုံးကောင်းလာစေရန်နှင့် သူတစ်ပါးသို့ မကူးစက်စေရန်အတွက် စတင်ဖျားသည့်နေ့မှ ၁၀ရက်အထိ-

- လူနာအနေဖြင့် ပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရမည်၊
- မိမိအိမ်တွင် နေထိုင်ရမည်၊
- ရုံး၊ ကျောင်း၊ လုပ်ငန်းခွင်များနှင့် ခရီးသွားလာခြင်းများကို ရှောင်ကြဉ်ရမည်၊
- နှာချေ၊ ချောင်းဆိုးလျှင် တစ်သျှူး (သို့မဟုတ်) လက်ကိုင်ပဝါ အသုံးပြုရမည်၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးရမည်၊
- အာဟာရဖြစ်သော အစားအစာများ စားရန်နှင့် အရည်များများသောက်ရမည်၊
- လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ရမည်၊
- ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရမည်။

မေး။ ။မိမိမိသားစုအတွင်း တုပ်ကွေးဖြစ်ပွားသူရှိပါက အိမ်တွင်မည်သို့ ပြုစုရမည်နည်း။

ဖြေ။ ။ တုပ်ကွေးရောဂါလူနာအား ပါးစပ် နှာခေါင်းစည်း တပ်ဆင်ထားရမည်၊

- လူနာအတွက် သီးသန့်နေထိုင်ရန်နေရာရှိပါက လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိရမည်၊
- ဖျားနာသူအား အနီးကပ်စောင့်ရှောက်သူသည် (ဖျားနာသူနှင့် ခြောက်ပေအတွင်း) ပါးစပ် နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ရမည်၊ ဖြစ်နိုင်ပါက ပလတ်စတစ်ရင်ကာခါးစည်း (Apron) ကိုလည်း အသုံးပြုနိုင်ပါသည်၊
- လူနာအသုံးအဆောင်ပစ္စည်းများ၊ အသုံးပြုပြီးသော ပါးစပ် နှာခေါင်းစည်းနှင့် လက်အိတ်များ စသည်တို့ကို 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်းနှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ် ၃၀ စိမ်ထားရမည်၊ မရှိလျှင် ရေနွေးဖြင့် ပြုတ်လျှော်ရမည်၊
- လူနာပြုစုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်၊ ဖြစ်နိုင်လျှင် အရက်ပြန် (Alcohol rub) အသုံးပြုနိုင်ပါသည်၊
- လူနာနှင့် အနီးကပ်ပြုစုသူများ၏ ကျန်းမာရေးအခြေအနေကို ကျန်းမာရေးဌာနသို့သတင်းပို့ခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။

■ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ် ခြေလျင်နှင့် တောင်တက် အသင်းတို့က ကြီးမှူးကျင်းပသည့် ခြေလျင်နှင့် တောင်တက်အသင်း မိတ်ဆုံဂုဏ်ပြုပွဲကို ဇွန် ၂၈ရက် နံနက်၉နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း ဆေးတက္ကသိုလ်(၁)ရှေ့ ချန်တက်ထန် ဗုဒ္ဓသာသနာပြုကျောင်း၌ ကျင်းပရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

မေးမြန်း

အခမ်းအနားတွင် တက္ကသိုလ်ဆရာ၊ ဆရာမကြီးများ၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အဖွဲ့ဝင်များ၊ တက္ကသိုလ်ကောလိပ်အသီးသီးမှတောင်တက်အဖွဲ့ဝင်များကို ရွှင်လန်းတက်ကြွစွာမြင်တွေ့ရသည်။ အခမ်းအနားတွင်အလုပ်များနေသော မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌဦးမျိုးသန့်နှင့် တွေ့ဆုံကာ မကြာမီက တက်ရောက်ခဲ့သော တောင်တက်ခရီးစဉ်များကို မေးမြန်းခွင့်ရခဲ့သည်။

ခရီးစဉ်

"မကြာမီက တက်ရောက်ခဲ့တဲ့ တောင်တက်ခရီးတွေကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောဒေသမှာရှိတဲ့ ဆင်တောင်၊ မြင်းမထိတောင်နဲ့ အရှေ့မြင်အနောက်မြင် တောင်တက်ခရီးစဉ်တွေပဲ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်တွေကို ပြီးခဲ့တဲ့ဧပြီ ၁၁ရက်က စထွက်ပြီး ဧပြီ ၁၇ရက်အထိ တောင်တက်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ဦးမျိုးသန့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဤခရီးကိုရွေးချယ်တက်ရောက်ခြင်းမှာ မျိုးဆက်သစ်တောင်တက်အဖွဲ့ဝင်များ တောင်တက်ခြင်း အတွေ့အကြုံရရှိစေဖို့အတွက်ဖြစ်ပြီး အသင်းအဖွဲ့နှင့် ခရီးသွားလာတောင်တက်ခြင်း အလေ့အကျင့်လည်း ရရှိစေရန် ဖြစ်သည်။

"ရန်ကုန်မှ မြင်းတိုက်ဘူတာအထိ ရထားစီးတယ်။ အဲဒီမြင်းတိုက်ဘူတာမှာဆင်းပြီး မြင်စိုင်းကုန်းရွာမှာ စခန်းချတယ်။ စုစုပေါင်း တောင်တက်အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနဲ့ အမျိုးသမီး ရှစ်ဦးပါဝင်တယ်။ ဧပြီ ၁၃ရက်မှာ အမြင့်ပေ ၆၀၂၀

မြင်းမထိတောင်ကို တက်ရောက်ရာတွင် ဤသို့ အဆင်းအတက်များစွာ ဖြတ်သန်းရသည်မှာလည်း အသည်းယားဖွယ်…။

"တောင်တက် အဖွဲ့ဝင်သစ်တွေ အတွေ့အကြုံ ရရှိစေအောင် တက်ရောက်ခဲ့ကြတဲ့ ခရီးစဉ်ဖြစ်ပါတယ်"

ဦးမျိုးသန့်
ဥက္ကဋ္ဌ
တက္ကသိုလ်များခြေလျင်နှင့်
တောင်တက်အသင်း။

ရှိတဲ့ ဆင်တောင်ကို တက်ကြတယ်။ အခက်အခဲမရှိပါဘူး။ ဒီတောင်ဟာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေတယ်။ တက်ရတာ လွယ်ကူတယ်။ တောင်တက်အဖွဲ့ဝင်အသစ်တွေအနေနဲ့ လေ့ကျင့်ဖို့အကောင်းဆုံး တောင်တက်ခရီးစဉ်ဖြစ်ပါတယ်" ဟု ဦးမျိုးသန့်က ဆက်လက်ရှင်းပြသည်။

ဆင်တောင်တက် ခရီးစဉ်မှာ နံနက်တက် ညနေပြန်ဆင်းခြင်းဖြစ်ပြီး ညနေပိုင်း၌ မြင်စိုင်းကုန်းရွာတွင် စခန်းချ ရပ်နားကြသည်။ ဧပြီ ၁၄ရက်တွင် မြင်းမထိတောင်ကို ဆက်လက်တက်ရောက်ကြသည်။

အတွေ့အကြုံ

"မြင်းမထိတောင်က မတ်စောက်တယ်။ အမြင့် ၈၅၆၂ပေ မြင့်တယ်၊ တောင်တက်အဖွဲ့ဝင်တွေအနေနဲ့ မတ်စောက်တဲ့တောင်တက်ခရီးစဉ်တွေမှာ အတွေ့အကြုံရရှိစေအောင်ဖြစ်ပါတယ်။ တချို့တောင်တက် အဖွဲ့ဝင်တွေက တောင်တက်တုတ်အသုံးပြုကြပေမယ့် လေ့ကျင့်ရေးအနေနဲ့မို့ အများအားဖြင့် အလွတ်တက်ကြတာ များပါတယ်" ဟု ၄င်းက မြန်မာ့အလင်းသို့ ပြောပြသည်။

တောင်တက်အဖွဲ့ဝင်များမြင်းမထိတောင်ကို တစ်နေ့တာတက်ရောက်ပြီး မြင်စိုင်းကုန်းရွာ၌ပင် ပြန်၍ စခန်းချသည်။ နောက်နေ့တွင် မြင်းတိုက်မှ ကလော၊ ကလောမှ ပင်းတယသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြောက် ရွှေပုထိုးရွာ၌ စခန်းချကာ ဧပြီ၁၇ရက်တွင် အရှေ့မြင် အနောက်မြင်တောင်ကို ဆက်လက်တက်ရောက်ကြသည်။

"လာမယ့် ဒီဇင်ဘာမှာ ဝိတိုရိယတောင်ကို တက်ကြမယ်"

ဒေါ်နီနီအေး
အတွင်းရေးမှူး
တက္ကသိုလ်များခြေလျင်နှင့်
တောင်တက်အသင်း။

"ဒီတောင်က ရှမ်းပြည်နယ် တောင်ကြီးခရိုင်မှာတော့ အမြင့်ဆုံးတောင်ဖြစ်ပါတယ်။ အမြင့်၇၇၅၂ ပေရှိပြီး တောင်ကြီးခရိုင်ရဲ့ မျှော်စင်လို့ တင်စားခေါ်ဝေါ်ကြတယ်။တောင်ပေါ်ကို ဖွဲကောင်းကောင်းနဲ့ တက်ခဲ့ကြပြီး တောင်ထိပ်က အရှေ့ဘက်ကို ကြည့်ရင် အင်းလေးကန်ကို မြင်ရသလို အနောက်ဘက်ကိုကြည့်ရင် မိတ္ထီလာမြို့ကိုမြင်ရပါတယ်" ဟု ဦးမျိုးသန့်က မြန်မာ့အလင်းသို့ဆက်လက်ရှင်းပြသည်။

စီစဉ်ထား

ယခုခရီးစဉ်မှာ တောင်တက်အဖွဲ့ဝင်သစ်များအား တောင်တက်ခြင်း အတွေ့အကြုံ ရရှိစေရန်နှင့် လမ်းခရီး တစ်လျှောက် တိုင်းရင်းသားတို့၏ နေထိုင်မှု ဘဝကို မြင်တွေ့သိရှိနိုင်စေရန်ဖြစ်သည်။ ထို့နောက် တောင်တက်ခရီးများဆက်လက်တက်ရောက်မည့်အစီအစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း အတွင်းရေးမှူး ဒေါ်နီနီအေးက "လာမယ့် ဒီဇင်ဘာမှာ ချင်းပြည်နယ် တောင်ပိုင်းမှာရှိတဲ့ ဝိတိုရိယတောင်ကို တက်ရောက်ဖို့ စီစဉ်ထားတယ်။ ဒီတောင်က ဆောင်းတွင်းမှာ ရေခဲမှတ်အောက်ရောက်အောင် အေးတဲ့တောင် ဖြစ်ပါတယ်။ အမြင့်ပေ ၁၀၅၀၀ခန့်ရှိတော့ လိုက်ပါမယ့် တောင်တက်အဖွဲ့ဝင်တွေကို သေသေချာချာ ရွေးချယ်ပြီး တက်ရောက်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တက်ရောက်မည်

ဝိတိုရိယတောင်တက်အဖွဲ့တွင် လူ ၈၀ ခန့် ပါဝင်မည်ဖြစ်ပြီး အမျိုးသမီး တောင်တက်အဖွဲ့ဝင် ၂၀ ခန့်လည်းပါဝင်မည်ဖြစ်သည်။တစ်နိုင်ငံလုံးရှိ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံမှတောင်တက်အသင်းများက ရွေးချယ်ပေးသည့် သူများကို စိစစ်ကာ တက်ရောက်စေမည်ဖြစ်သည်။

"တောင်တက်ဖို့အတွက်ကျန်းမာရေးကောင်းဖို့လိုတယ်။ တောင်တက်ဝတ်စုံ၊ တောင်တက်ဖိနပ်၊ ဆောင်းရာသီဆိုတော့ နားရွက်ဖုံး ခေါင်းစွပ်တွေကအစ ရိက္ခာခြောက်တွေလည်း ပါရှိသွားမှာပါ။ တောင်တက်မှု အတွေ့အကြုံ မပြတ်တဲ့ အဖွဲ့ဝင်တွေကို ရွေးချယ်ခေါ်ယူသွားမယ်" ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် တောင်တက်ခြင်းသည် ကျန်းမာသန်စွမ်းမှုအပြင် အဖွဲ့အစည်းဖြင့် သွားလာနေထိုင်တတ်မှုကိုလည်း ရရှိစေမည်ဖြစ်ရာ လူတိုင်း အသက်ရှည်ရာကျန်းမာကြံ့ခိုင်စေရန် တောင်တက်သည့် အလေ့အကျင့်ကို ပြုလုပ်သင့်ပါကြောင်းတွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တောင်တက်ခြင်းသည် ကျန်းမာသန်စွမ်းမှုအပြင် အဖွဲ့အစည်းဖြင့် သွားလာနေထိုင်တတ်မှုကိုလည်း ရရှိစေမည်ဖြစ်ရာ လူတိုင်း အသက်ရှည်ရာ ကျန်းမာကြံ့ခိုင်စေရန် တောင်တက်သည့် အလေ့အကျင့်ကို ပြုလုပ်သင့်။

ဗိုလ်လုပွဲမျှော်လင့်ချက်နှင့် ဂုဏ်သိက္ခာအတွက် ကမ္ဘောဇနှင့် ဒဲလ်တာတို့ အားပြိုင်ကြရမည့်ပွဲ

ပွဲကြိုသုံးသပ်ချက် - မြန်မာလိဂ်လေ့လာသူတစ်ဦး   စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၈

အကြိတ်အနယ်ရှိပြီး တစ်ပွဲထက်တစ်ပွဲ ပြိုင်ဆိုင်မှု ပြင်းထန်လျက်ရှိသော MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲကြီးမှာ ဇွန် ၂၉ရက် **(ယနေ့)** ညနေဆိုပါလျှင် ပရိသတ်စောင့်ကြည့်ရမည့် ပွဲကြီးတစ်ပွဲ ရှိနေသည်။ ယင်းပွဲမှာ ဗိုလ်လုပွဲတက်ခွင့် မျှော်လင့်ချက်အတွက် အစွမ်းကုန် ကြိုးစားပြမည့် ကမ္ဘောဇနှင့် ဂုဏ်သိက္ခာအတွက် နောက်ဆုံးညစ်အားဖြင့် ခြေကုန်ထုတ်ကစားမည့် ဒဲလ်တာယူနိုက်တက်အသင်းတို့ တွေ့မည့်ပွဲစဉ်ဖြစ်သည်။

အပြိုင်အဆိုင်

ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းမှာ ယခုပြိုင်ပွဲကြီးအတွက်သာမက AFC President's ပြိုင်ပွဲအတွက်ပါ မြင့်မားသည့် အောင်မြင်မှုများရရှိအောင် မျှော်မှန်းပြီး အထူးပြင်ဆင်ခဲ့သည့် အသင်းဖြစ်သည်။ နာမည်ကြီး လက်ရွေးစင်အသင်းခေါင်းဆောင်ဟောင်း စိုးမြတ်မင်းကို စံချိန်တင်စာချုပ်ခပေးပြီး ခေါ်ခဲ့သလို မိုးဝင်း၊ ခင်မောင်လွင်တို့အပါအဝင် တင့်နိုင်ထွန်းသိန်း၊ အောင်ဝင်းနိုင်၊ မင်းမင်းထွန်း၊ စထက်နိုင်ဝင်း၊ ဝင်းမင်းထွဋ်တို့လိုကစားသမားများကို ငွေကြေးအမြောက်အမြားသုံးစွဲကာ ခေါ်ခဲ့သည့် အသင်းကြီး ဖြစ်သည်။ လက်ရှိတွင်လည်း လက်ရွေးစင်အများဆုံးပါဝင်နေသော အသင်းဖြစ်သည်။ သို့သော် ပြီးခဲ့သည့် AFC President's ပြိုင်ပွဲတွင် အကြောင်းအမျိုးမျိုးကြောင့် အုပ်စုမှပင် လှည့်ပြန်ခဲ့ရသလို၊ ယခု MNL CUP ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲတက်နိုင်ရန် နောက်ဆုံးပွဲစဉ်အထိ အစွမ်းကုန်ကြိုးစားရမည့် အနေအထားရှိနေသည်။ စိုးမြတ်မင်းအပါအဝင် အဓိကကစားသမားအချို့ ဒဏ်ရာပြဿနာရှိနေခြင်းကလည်း အသင်းကို အခက်တွေ့သလို ဖြစ်စေသည်။

နှမ်းထွက်မကိုက်

ဧရာဝတီတိုင်းကိုယ်စားပြု ဒဲလ်တာယူနိုက်တက်အသင်းမှာလည်း ပြည်တွင်းမှ စိုးသီဟအောင်၊ ကျော်ခိုင်ဝင်း၊ အောင်ကျော်မိုး၊ သီဟစည်သူတို့ကဲ့သို့ နာမည်ကြီးကစားသမားများအပြင် အာဂျင်တီးနားကစားသမား သုံးဦးကို ဈေးကြီးပေးကာ ခေါ်ယူအားဖြည့်ထားပြီး ရည်ရွယ်ချက်မြင့်မားစွာဖြင့် ပြင်ဆင်ပြိုင်ပွဲဝင်ခဲ့သည့် အသင်းဖြစ်သည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်သေးဘဲ ခြောက်ပွဲကစားပြီးချိန်တွင် တစ်မှတ်သာရသေးပြီး ငါးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့သောကြောင့် ဝေဖန်မှု ဖိအားများစွာ ခံနေရသည့် အသင်းဖြစ်သည်။

မျှော်လင့်ချက်အတွက်

ကမ္ဘောဇအသင်းမှာ ငါးပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ကိုးမှတ်ရထားသောကြောင့် ယခုပွဲစဉ်အပါအဝင် မကွေးနှင့် နောက်ဆုံးပွဲများတွင် ပြတ်သားစွာ အနိုင်ရပါက ဗိုလ်လုပွဲတက်ခွင့် မျှော်လင့်ချက်

MNL CUP GRAND ROYAL 2009

ထား၍ ရနေသေးသည်။ လက်ကျန်နှစ်ပွဲစလုံးနိုင်ပါက ဒုတိယမရခဲ့လျှင် အနည်းဆုံး တတိယဆုရရှိနိုင်သည့် မျှော်လင့်ချက်ရှိနေသောကြောင့် အနိုင်မရရအောင် ခြေကုန်ညှစ်ထုတ် ကစားမှာ သေချာသည်။ လက်ရှိ ကမ္ဘောဇအသင်းတွင် စိုးမြတ်မင်းနှင့် တင့်နိုင်ထွန်းသိန်းတို့ မကစားနိုင်သေးသော်လည်း ခင်မောင်လွင်၊ မိုးဝင်း၊ ဟန်ဝင်းအောင်၊ အေးဆန်း၊ ဝင်းမင်းထွဋ်၊ စိုးမင်းဦး၊ ဉာဏလွင်၊ ကျော်ဇင်ထက်တို့ကဲ့သို့ အတွေ့အကြုံရင့် ကစားသမားကောင်းတွေ ရှိနေသောကြောင့် အသင်းလိုက် ကစားပုံမှာ သိသိသာသာ ကျမသွားနိုင်ပေ။ ပြည်ပသို့သွားရောက်ကစားခဲ့ရမှုနှင့် ယခုအဆုံးသတ်ပွဲစဉ်များကို ရက်ခြားကစားရသည့်အတွက်တော့ ပွဲပန်းမှု အနည်းငယ်ရှိနိုင်ပါသည်။ သို့သော် နည်းပြအဖွဲ့ အနေအထားနှင့် ကစားသမားအင်အားအရ ကမ္ဘောဇအသင်းမှာ အသင်းကစားဟန်မျိုးကို ပိုင်ဆိုင်နေဆဲဖြစ်သည်။ ယခုပွဲကလည်း သူတို့အသင်း ဗိုလ်လုပွဲတက်ခွင့် မျှော်လင့်ချက်အတွက် မနိုင်လျှင် မရသောကြောင့် အသည်းပေါက်မတတ် အားထည့်ကြိုးစားမှာ သေချာသည်။

ဂုဏ်သိက္ခာအတွက်

ဖိအားများစွာရှိနေသော ဒဲလ်တာအသင်းအတွက်လည်း သူတို့နည်းပြအဖွဲ့၏ ဂုဏ်သိက္ခာ၊ နာမည်ကြီးကစားသမားများ၏ ဂုဏ်သိက္ခာအတွက် ယခုပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်တွင် ရလဒ်ကောင်းအောင်ကြိုးစားပြီး သိက္ခာပြန်ဆယ်ရတော့မည်ဖြစ်သည်။ အသင်းပေါ်ကျရောက်နေသော စိန်ခေါ်မှုဖိအားများကို ယခုပွဲတွင် ချေဖျက်နိုင်အောင် ကြိုးစားပြရတော့မည်ဖြစ်၏။ ဒဲလ်တာအသင်း၏ ရှန်းအားကို ကမ္ဘောဇအသင်း လျှော့တွက်၍မရနိုင်ပေ။ နောက်ဆုံးဂုဏ်သိက္ခာအတွက် ဒဲလ်တာအသင်း ဘာလုပ်ပြမလဲဆိုသည်ကလည်း ယခုပြိုင်ပွဲတွင် စိတ်ဝင်စားစရာ အချက်တစ်ချက် ဖြစ်နေသည်။

ကြည့်ရကျိုးနပ်မည်

မည်သို့ဆိုစေ တူညီသည့် ရည်မှန်းချက်၊ မျှော်လင့်ချက်များအတွက် အပြိုင်ကြိုးစား ကစားမည့် အနေအထားများကြောင့် ယခုပြိုင်ပွဲမှာ နှစ်သင်းစလုံးအတွက် ခက်ခဲသောပွဲ (Tough Game) ဖြစ်သကဲ့သို့ အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့သည့် ပွဲလည်းဖြစ်၍ ပရိသတ်များ လာရောက် ကြည့်ရှုအားပေးရကျိုးနပ်မည့် ပွဲကောင်းတစ်ပွဲဖြစ်လာမည်မှာ သေချာပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော် ဆုရရှိသူအားကစားသမားများနှင့် အတူ ဆုယူအပြီး တွေ့ရစဉ်။ (ဘိုးလင်းအဖွဲ့ချုပ်)

အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်း အလွတ်တန်းပြိုင်

ရန်ကုန် ဇွန် ၂၈

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ဘိုးလင်း အလွတ်တန်းပြိုင်ပွဲကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက တာမွေမြို့နယ် ဦးဘကျော်လမ်းရှိ Good Morning ရိပ်မွန် Right Track Bowling အားကစားခန်းမတွင် ကျင်းပသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပထမဆုရရှိသော တင့်ဆွေဦး(မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်)အား ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရရှိသော ဇော်ဇော်နိုင်(နေပြည်တော်စည်ပင်)အား ငွေကျပ်တစ်သိန်း၊ တတိယဆုရရှိသော အောင်ဝင်း(သစ်တောရေးရာ)အား ငွေကျပ်ငါးသောင်းနှင့် Hight Game ဆုအတွက် ငွေကျပ်ငါးသောင်းတို့ကို မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **(ဘိုးလင်းအဖွဲ့ချုပ်)**

၂၈-၆-၂၀၀၉ ရက် ပွဲစဉ်အပြီး အမှတ်ပေးဇယားရပ်တည်မှု

	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
၁	ရတနာပုံ F.C	၇	၅	၂	-	၁၀	၃	၇	၁၇
၂	ရန်ကုန်ယူနိုက်တက် F.C	၇	၅	၁	၁	၁၃	၆	၇	၁၆
၃	မကွေး F.C	၆	၄	၁	၁	၉	၄	၅	၁၃
၄	ကမ္ဘောဇ F.C	၅	၃	-	၂	၇	၃	၄	၉
၅	ဧယျာရွှေမြေ F.C	၆	၁	၂	၃	၄	၈	-၄	၅
၆	ဉဿာယူနိုက်တက် F.C	၇	၁	၂	၄	၄	၁၀	-၆	၅
၇	ဆောက်သမ်းမြန်မာ F.C	၆	၁	၁	၄	၃	၇	-၄	၄
၈	ဒဲလ်တာယူနိုက်တက် F.C	၆	-	၁	၅	၂	၁၁	-၉	၁

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဈေးစည်းကမ်းကို ဈေးသည်များ လိုက်နာစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ထီးတန်းဈေးကလေးပုံကျဈေးတွင် ဈေးသည်များ မွန်းတည့် ၁၂နာရီအထိသာ ရောင်းချခွင့်ရှိပြီး ဈေးသိမ်းပါက ဈေးခုံများကို စည်းကမ်းတကျ တစ်နေရာတွင် စုစည်းသိမ်းဆည်းရန်နှင့် ရေမြောင်းကျော်၍ နေအိမ်မှ အဖီအမိုးအကာ အခိုင်အမာမပြုလုပ်ရန် သက်ဆိုင်ရာက စည်းကမ်း သတ်မှတ်ထားသော်လည်း ထီးတန်းလမ်းရှိ အချို့နေအိမ်များမှာ စည်းကမ်းမလိုက်နာဘဲ ရေမြောင်းကျော်ပြီး ၁၃ပေခန့် သစ်ဝါးများဖြင့် အမိုးအကာများ အခိုင်အမာပြုလုပ်ပြီး ရောင်းချနေပါသဖြင့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဈေးသူဈေးသားများ**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ် ၄/၅/၆ ရပ်ကွက်များတွင် နှစ်စဉ် မိုးရာသီရောက်တိုင်း ရေကြီးနစ်မြုပ်နေပါသဖြင့် ရပ်ကွက်နေပြည်သူများ၏ သွားလာရေး ခက်ခဲသည့်အပြင် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။

ရပ်ကွက်အတွင်း ပြည်ထောင်စုလမ်းဘေးတစ်လျှောက်မှ ရေမြောင်းများ တိမ်ကောမြင့်တက်နေခြင်းနှင့် ဗိုလ်ရာညွှန့်လမ်းထိပ်ရှိ တံတားအောက်မြွန်ဝမြင့်တက်နေခြင်းတို့ကြောင့် ရေများကုန်စင်အောင် စီးမထွက်နိုင်ဘဲ မိုးရွာတိုင်းရေလျှံ၍ ရေကြီးနစ်မြုပ်ရခြင်းဖြစ်ရာ ရပ်ကွက်အတွင်းမှ ရေများ စီးထွက်နိုင်ရန် လိုအပ်သလိုဆောင်ရွက်ပေးရန်တင်ပြအပ်ပါသည်။ ဒဂုံမြို့သစ်သား

စည်းကမ်းတကျ ယာဉ်ရပ်နားရေး ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ပဲခူးမြို့ အဝေးပြေးယာဉ်ဝင်း(အသစ်)တွင် မှန်လုံယာဉ်ကြီးများသည် မိမိတို့ဂိတ်မှ ဂိတ်ထိုး၊ ဂိတ်ထွက်ခွာခြင်းမရှိဘဲ ယာဉ်ထွက်လမ်းနှင့် လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့စွာ စီတန်းရပ်တန့်၍ ခရီးသည် အလုအယက် ခေါ်ယူသောကြောင့် ခရီးသွားများ စိတ်အနှောင့်အယှက်ဖြစ်ရပြီး နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိရာ ယာဉ်များနှင့် ခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် စည်းကမ်းမဲ့ယာဉ်ကြီးများကိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

စည်းကမ်းမဲ့အမှိုက်ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် မြေနီ/မြောက်ရပ်ကွက် ဦးဝိစာရလမ်းနှင့် သုခလမ်းကြား (ရှမ်းကုန်းလမ်းဘက်ခြမ်း)၌ ကန်ထရိုက်တိုက်ခန်းများမှ စည်းကမ်းမဲ့အမှိုက်ပစ်သူများကြောင့် မိုးရွာလျှင်ရေမြောင်းများပိတ်ဆို့၍ ခြင်၊ ယင်များပေါများပြီး ကျန်းမာရေးထိခိုက်ပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

ကန်မြေကျူးကျော်စည်းရိုး ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် မော်ကန် ၁၀ လမ်းနှင့် ၉ လမ်း အရှေ့ထိပ်တွင် အများပြည်သူသုံးစွဲသော သောက်ရေကန်ရှိပါသည်။ ထိုရေကန်ကြီးမှာ မော်ကန်၊ ရှင်စောပု၊ အလင်းရောင်ဥဿာ၊ ဥဿာသီရိ ရပ်ကွက်များမှ နွေမိုးဆောင်းအမြဲသုံးစွဲနေသည့် သောက်ရေကန်ကြီးဖြစ်ပါသည်။

ယခုအခါကန်ပေါင်အနီးရှိ ခြံပိုင်းမှ ကန်မြေကို ကျူးကျော်ကာ အုတ်စည်းရိုးခတ်ထားပါ၍ သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြလိုက်ရပါသည်။

မော်ကန်ရပ်ကွက်သားများ

သန်းခေါင်တိုင်ဖွင့်သည့် စားသောက်ဆိုင်ကြောင့် အနှောင့်အယှက်ဖြစ်

စာတည်းခင်ဗျား-

လမ်းမတော်မြို့နယ် (၆)ရပ်ကွက် ရွှေတောင်တန်းလမ်းအလယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သည် ညဉ့်နက်သန်းခေါင်တိုင် ဖွင့်လှစ်ရောင်းချနေပြီး လာရောက်စားသောက်သူများ၏ အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အိပ်ရေးပျက်ပြီး အနှောင့်အယှက် ဖြစ်ရပါသဖြင့် လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းမတော်သား

ပုသိမ်မြို့လယ်ခေါင်၌ တွင်ခုံလုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပုသိမ်မြို့ အမှတ် ၆ နယ်မြေ ရွှေဘိုတပ် ကုလားတန်းလမ်းတွင်တည်ရှိသော အိမ်တစ်အိမ်တွင် တွင်ခုံနှင့်ဝရိန်ဆက်ခြင်းလုပ်ငန်းကို နေ့ညလုပ်ကိုင်နေသဖြင့် ပတ်ဝန်းကျင်တွင်နေထိုင်ကြသော သက်ကြီးရွယ်အို ကလေးသူငယ်များမှာ ထုရိုက်သံများနှင့် ဝရိန်ဆော်သည့် အလင်းရောင်နှင့် အငွေ့နံ့တို့ကြောင့် ပညာရေး၊ ကျန်းမာရေးကို ထိခိုက်နိုင်၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခံစားရသူ**

လမ်းပေါ်ကဈေးသည် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အထက်လမ်းပေါ်မှ ပုံကျဈေးသည်များသည် နေ့စဉ် ညနေ ၃ နာရီခန့်မှစတင်၍ လမ်းမပေါ်တွင် ဆိုင်များ စည်းကမ်းမဲ့စွာ ခင်းကျင်းရောင်းချလျက်ရှိရာ မော်တော်ယာဉ်များနှင့် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ် ကြုံတွေ့နိုင်ပါသဖြင့် ကားလမ်းမပေါ်တွင် ဈေးဆိုင်ခင်းကျင်းရောင်းချခြင်းများကို သက်ဆိုင်ရာမှ အရေးယူ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားတစ်ဦး**

ဖျာပုံမြို့မှ စားသောက်ဆိုင် ဖြေရှင်းဆောင်ရွက်ပြီး

၁-၆-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဖျာပုံမြို့ ပထမလမ်းနှင့် အပြောင်လမ်းထောင့် (မြို့လယ်)ရှိ စားသောက်ဆိုင်နှင့်တွဲလျက် စင်တင်တေးဂီတကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ ညသန်းခေါင်ကျော်အထိ သီဆိုနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ စိစစ်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကျူးကျော်ဆိုင်ဖယ်ရှားပြီး

၁၈-၅-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် အထက်လမ်းမကြီးနှင့် ကျောက်မီးသွေးရုံလမ်းမကြီးဆုံရာ (သီရိမြိုင်ရပ်ရှင်ရုံရှေ့)တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကျူးကျော်ဆိုင်ဖယ်ရှား** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဟဲဟိုးရွာအတွင်းလမ်း ကျောက်စုဆောင်းထားရှိမှုကို ဇွန် ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် ရုံးခွဲတာဝန်ခံတို့က ရှင်းလင်းတင်ပြကြစဉ်။ (သတင်းစဉ်)

ပြည်၌ ကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ရန် ကျွန်းနှင့် သစ်မာစိုက်ပျိုးရေး တာဝန်ပေးအပ်

ပြည် ဇွန် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀၊ တစ်ရွာလျှင် ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧက တည်ထောင်စိုက်ပျိုးသွားရန် ပညာပေးဟောပြောပွဲနှင့် တာဝန်ပေးအပ်ပွဲကို မေ ၁၅ ရက်က ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပုလဲသီတာခန်းမ၌ကျင်းပရာ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိက တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာအပင်၂၀၊ တစ်ရွာလျှင် ကျေးရွာပိုင်သစ်တော စိုက်ခင်းတစ်ဧက တည်ထောင်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက တက်ရောက်လာသော ရပ်ကွက်နှင့်ကျေးရွာ ဥက္ကဋ္ဌများအား လုပ်ငန်းတာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ **(တိုင်း မြန်/ဆက်)**

ရွှေကူမြို့နယ်စည်ပင် စံပြလယ်ခင်းရန် ကျောက်စုဆောင်း

ရွှေကူ ဇွန် ၂၈

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော စံပြလမ်း ကတ္တရာလမ်းအဆင့်မြင့်ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုအခြေအနေကို မေ ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်း ကျောက်ကုန်းတွင်ဖွင့်

ကျောက်ကုန်း ဇွန် ၂၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကျောက်ကုန်းမြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်ပွဲကို ဇွန် ၂၃ရက် နံနက်ပိုင်းက ရေဝတီတိုင်း ကျောက်ကုန်းမြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဝတီတိုင်း ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း)ဦးမြင့်ငွေ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကျန်းမာရေးဌာနသင်တန်းယူနစ် လက်ထောက်သင်တန်းအရာရှိ ဦးအုန်းသွင်နှင့် သင်တန်းနည်းပြများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်နှင့် အမှုဆောင်ကော်မတီဝင်များ၊ ပြင်သစ်ကြက်ခြေနီ(မြန်မာနိုင်ငံရုံးခွဲ) သဘာဝဘေးအန္တရာယ် လျော့ကျရေးဆိုင်ရာ စီမံချက်ညှိနှိုင်းရေးမှူး Ms. Florence Le Paulmier နှင့် ရပ်ကွက်ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းအောင်**(အောက်ပုံ)**တို့က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနသင်တန်းယူနစ် လက်ထောက်သင်တန်းအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

၁၄ရက်ကြာမြင့်

အဆိုပါ သင်တန်းသို့ ရပ်ကွက်ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၃၅ဦးတက်ရောက်ပြီး သင်တန်းကာလ ၁၄ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၁၅၄)

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး မရမ်းကုန်းမြို့နယ်ကျောင်းများ၌ ခြင်ဆေးဖျန်း

ရန်ကုန် ဇွန် ၂၈

မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများဖြစ်သော အထက(၄)၊ အလက(၁)၊ အမက(၁၀)၊ အမက(၂၇)နှင့်ပညာ့သိပ္ပံဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၂၀ရက် နံနက် ၇ နာရီမှစတင်၍ ဆောင်ရွက်ကြရာ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ အတွင်းရေးမှူး ဦးစန်းအောင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ချိုချိုလွင်၊ စည်ပင်ကျန်းမာရေးတာဝန်ခံ ဒေါ်ကေသွယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအဖွဲ့ဝင်များ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** (၁၁၁)

အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကျင်းပ အသစ်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အရှေ့တောင်အာရှပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူရန်ကြိုးပမ်း

ရန်ကုန် ဇွန် ၂၈

၂၀၀၉ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ဇွန် ၂၀ရက် မွန်းလွဲ၂နာရီက သုဝဏ္ဏရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ အမျိုးသမီးအထူးပွဲနှစ်ပွဲ၊ အမျိုးသားအထူးပွဲတစ်ပွဲ၊ အမျိုးသား သက်ငယ်တန်းသုံးပွဲ၊ အမျိုးသား (ဂ)အဆင့်၊ (ခ)အဆင့်၊ (က)အဆင့်တစ်ပွဲစီနှင့် အမျိုးသမီး ၅၁ကီလိုတန်းတစ်ပွဲ စုစုပေါင်းပွဲစဉ် ၁၀ပွဲဖြင့် ကျင်းပသည်။

ချီးမြှင့်

ပြိုင်ပွဲတွင် လိုက်ဝိတ်(က)အဆင့်ပြိုင်ပွဲ၌ အေးကိုနိုင်(အား/ကာ သိပ္ပံ၊ ရန်ကုန်)ကို အမှတ် ၃-၀ဖြင့် အနိုင်ရရှိသွားသော ပြည့်ဖြိုးဦး(ရန်ကုန်တိုင်း)အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဆုချီးမြှင့်ပြီး ဘင်တန်ဝိတ်(ခ)အဆင့်ပြိုင်ပွဲ၌ ဇော်ရှိန်း(တပ်မတော်-လေ)ကို အမှတ် ၃-၀ဖြင့် အနိုင်ရရှိခဲ့သူ ရဲနိုင် (အား/ကာသိပ္ပံ၊ ရန်ကုန်)အား ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သောဦးအောင်အောင်ဦးက ဆုချီးမြှင့်ပေးအပ်သည်။

ကြိုးပမ်း

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလက ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်၊ ဦးအောင်အောင်ဦး၊ ဦးနေမျိုးမြတ်ကို၊အတွင်းရေးမှူး ဦးနေဇော်တို့ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် ၁၉၈၃ခုနှစ်မှစ၍ ရွှေတံဆိပ်နှင့် ဝေးကွာခဲ့သော မြန်မာလက်ဝှေ့အဖွဲ့ကို လာမည့်ဒီဇင်ဘာတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)၌ ရွှေတံဆိပ်များ ပြန်လည်ဆွတ်ခူးနိုင်စေရန် ကြိုးပမ်းလျက်ရှိရာ ယခုကျင်းပသော ပြိုင်ပွဲလည်း တစ်စိတ်တစ်ဒေသပါဝင်သည်ဟု ဆိုသည်။

ပြည့်ဖြိုးဦး(ဝဲ)နှင့် အေးကိုနိုင်တို့ လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်စဉ်။
(မြန်မာ့အလင်း)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်အောင်ဦး ဆုရရှိသူအား ဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

စခန်းဝင်လေ့ကျင့်

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မေ၁ရက်မှစ၍ အုပ်ချုပ်/နည်းပြ ငါးဦး၊ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးခြောက်ဦးတို့ကို သုဝဏ္ဏတွင် စခန်းဝင်လေ့ကျင့်စေပြီး ပြည်နယ်၊ တိုင်းပြိုင်ပွဲနှင့်အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲများမှ အမျိုးသားလက်ဝှေ့သမားငါးဦးကိုပါ အဖွဲ့ချုပ်၏အစီအစဉ်ဖြင့် ပူးပေါင်းစခန်းဝင် လေ့ကျင့်စေလျက်ရှိကြောင်း သိရသည်။

ရွေးချယ်မည်

လက်ဝှေ့ အားကစားသမားများကို နည်းပြချုပ်ဦးတင်မောင်ဖေ၊ အမျိုးသားနည်းပြ ဦးစံလှလေး(ပြည်ထဲရေး)၊ အမျိုးသမီးနည်းပြ ဦးမြင့်ထွန်း(ကာကွယ်ရေး)၊ ဦးကျော်စွာအောင် (လယ်/ဆည်)တို့က လေ့ကျင့်ပေးနေပြီး စက်တင်ဘာလတွင် ကျင်းပမည့် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ (အရှေ့တောင်အာရှ ပြိုင်ပွဲအတွက် နောက်ဆုံးလူရွေးပွဲ)၌ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ထိုပြိုင်ပွဲတွင် တိုင်း/တပ်မအပါအဝင် သီးခြားလေ့ကျင့်လျက်ရှိသော လက်ဝှေ့သမားများပါ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လက်ရည်အကောင်းဆုံး လက်ဝှေ့သမားများကို ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဟု သိရသည်။

အစီအစဉ်

တစ်ချိန်က ကျွန်းဆွယ်ပြိုင်ပွဲများ၊ အရှေ့တောင်အာရှပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးကာ အစဉ်အလာကြီးခဲ့ပြီး အိုလံပစ်ပြိုင်ပွဲသို့ပင် သွားရောက်ယှဉ်ပြိုင်၍ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော မြန်မာလက်ဝှေ့သမားတို့၏ စွမ်းပကားကို ပြန်လည်ဖော်ထုတ်မြှင့်တင်ရန် တွန်းအားပေးသည့်အနေဖြင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌက လာမည့်အရှေ့တောင်အာရှပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိသောအားကစားသမားတစ်ဦးကို ဆုငွေကျပ်သိန်း၁၀၀၊ နည်းပြအဖွဲ့ကို ကျပ်သိန်း ၃၀ချီးမြှင့်သွားမည့်အစီအစဉ်ရှိကြောင်း သတင်းစကားကြားသိရသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆိပ်ဖြူမြို့နယ်၌ သစ်ပင်စိုက်ပျိုး

ဆိပ်ဖြူ ဇွန် ၂၈

ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၉ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁ရက်က ဆိပ်ဖြူ-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ် ၁၂/၇ နှင့် ၁၃/၁ ကြား လမ်းဘေးဝဲယာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာသူများက တမာပင် ၂၄၀၀ ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။ **(မြို့နယ် မြန်/ဆက်)**

ရန်ကင်းမြို့နယ် မဂ္ဂင်လမ်း တိုက် ၉ အခန်း ၂ နေ မိခင်ကြီး ဒေါ်စိန်မြက ဒေါ်မိမိခိုင်အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ် ၁၈၀၀၀၀ တန်ဖိုးရှိ ရေခဲသေတ္တာတစ်လုံးလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့် လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်၌ ခြေစွမ်းအထက်ဆုံး အာဖရိကဘောလုံးသမားများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၂၈

ပရီမီယာလိဂ်မှာ လာရောက်ကစားနေကြတဲ့ အာဖရိကဘောလုံးသမားတွေထဲမှာ ခြေစွမ်းအပြနိုင်ဆုံး ဘောလုံးသမား ၁၀ဦးအား အင်တာနက်ကနေပြီး ရွေးချယ်ခဲ့မှုကို ဖော်ပြလိုက်ရပါတယ်-

အက်ဆီယံ

ဂါနာနိုင်ငံသားဖြစ်ပြီး ကွင်းလယ်ကစားသမားတွေထဲမှာတော့ ထူးချွန်တဲ့ ဘောလုံးသမားတစ်ဦး ဖြစ်ပါတယ်။ ခွန်အား၊ ကြံ့ခိုင်မှု၊ လျင်မြန်မှုနဲ့ ဂိုးသွင်းစွမ်းရည်လည်း ထက်မြက်တဲ့သူဖြစ်ပြီး ဘောလုံးသမားစိတ်ဓာတ် အပြည့်အဝရှိတဲ့သူ ဖြစ်ပါတယ်။ ဒီနှစ်မှာ ချယ်လ်ဆီးကနေပြီး အသင်းပြောင်းဖို့ ကြိုးစားနေသူဖြစ်ပြီး ရီးရဲမက်ဒရစ်နဲ့ အေစီမီလန်တို့က ခေါ်ယူဖို့ ကမ်းလှမ်းနေပါတယ်။

ကိုလိုတိုရေး

အိုင်ဗရီကို့စ်နိုင်ငံသားဖြစ်ပြီး နောက်တန်းမှာ အများအယွင်းနည်းနည်းနဲ့ ကစားနိုင်သူ ဖြစ်ပါတယ်။ တစ်ဖက်အသင်းတိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကို ကောင်းကောင်း ဟန့်တားနိုင်သူဖြစ်တာမို့ ထိပ်တန်းကလပ်တွေက စိတ်ဝင်စားခြင်းခံနေရသူပါပဲ။ အာဆင်နယ်ကလပ်မှာ ငါးနှစ်ကြာ ကစားခဲ့ပြီးဖြစ်လို့ အခုဆိုရင် တစ်ပတ်လုပ်ခလစာ ပေါင် ၁၅၀၀၀၀ ရဖို့ တောင်းဆိုထားပါတယ်။

ဒီဒီယာဒရော့ဘာ

ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေထဲမှာ စာရင်းသွင်းခံရတဲ့သူဖြစ်ပါတယ်။ အိုင်ဗရီကို့စ်နိုင်ငံသားတိုက်စစ်မှူးဖြစ်ပြီး ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အိုင်ဗရီကို့စ်အသင်း ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးခဲ့တဲ့ ဘောလုံးသမားလည်းဖြစ်ပါတယ်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာတော့ ကြောက်စရာအကောင်းဆုံးနဲ့ အန္တရာယ်အရှိဆုံး တိုက်စစ်မှူးဖြစ်ပါတယ်။ အင်အား၊ ကြံ့ခိုင်မှု၊ လျင်မြန်မှုနှင့် အခုအခံကောင်းတဲ့ အရည်အချင်းတွေ ပိုင်ဆိုင်ထားပါတယ်။ လောလောဆယ်မှာတော့ ချယ်လ်ဆီး ကလပ်မှာပဲကစားဖို့ ရှိနေပါတယ်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာ ဒရော့ဘာ

အဒီဘာယော

တိုဂိုနိုင်ငံသား တိုက်စစ်မှူးဖြစ်ပြီး အာဆင်နယ်အတွက် ဂိုးသွင်းသူရဲကောင်းဖြစ်ပါတယ်။ လျင်မြန်မှု၊ ထိုးဖောက်ဂိုးသွင်းမှုတွေမှာ ထူးချွန်သူဖြစ်ပြီး ဂိုးရအောင် သွင်းယူနိုင်တဲ့ စိတ်ဓာတ်လည်းရှိသူဖြစ်ပါတယ်။ ဒီနှစ်နွေရာသီမှာ အာဆင်နယ်ကထွက်ခွာဖို့ ကြိုးစားနေသူဖြစ်ပြီး အေစီမီလန်က ခေါ်ယူဖို့ညှိနှိုင်းနေပါတယ်။ တိုဂိုတိုက်စစ်မှူးတွေထဲမှာတော့ ထူးခြားတဲ့ ခြေစွမ်းပိုင်ရှင်ဖြစ်ပါတယ်။

မွန်တာရီ

ဂါနာနိုင်ငံသား ကွင်းလယ်ကစားသမားဖြစ်ပြီး အင်အားသုံး ကစားတတ်တဲ့သူဖြစ်ပါတယ်။ ပို့စ်မောက်အသင်းရဲ့ ကွင်းလယ်ဖန်တီးရှင်ဖြစ်ပြီး ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူဖြစ်ပါတယ်။ ဂါနာနိုင်ငံသားတွေထဲမှာတော့ အက်ဆီယံနဲ့အပြိုင် ခြေစွမ်းပြနိုင်သူဖြစ်ပါတယ်။ မွန်တာရီဟာ ကိုယ်ပိုင်ဟန်နဲ့ ကစားတတ်သူဖြစ်လို့ အာဖရိက ကစားသမားတွေထဲမှာတော့ ထူးခြားတဲ့ ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။

မက်ကာသေး

တောင်အာဖရိကနိုင်ငံသားဖြစ်ပြီး ဘလက်ဘန်းအသင်းရဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာတော့ ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ကစားသမားတွေထဲမှာ ပါဝင်ပါတယ်။ ဂိုးသွင်းယူတဲ့အခါ အဆုံးသတ်သေချာသူအဖြစ် နာမည်ရသူဖြစ်ပြီး ဘလက်ဘန်းအသင်းအတွက် အဓိကကစားသမားအဖြစ် ရပ်တည်နေသူ ဖြစ်ပါတယ်။

မီခေးလ်

နိုင်ဂျီးရီးယားကွင်းလယ်ကစားသမားဖြစ်ပြီး ချယ်လ်ဆီးအသင်းကွင်းလယ်မှာ လက်ရှိကစားနေသူဖြစ်ပါတယ်။ အဝင်အထွက်ရဲရဲနဲ့ ကစားတတ်သူဖြစ်လို့ စတန်းဖို့ဒ်ဘရစ်ဂျ်မှာတော့ နှစ်နှစ်ကစားပြီးချိန်မှာ အနီကတ်လေးကြိမ်အပြခံထားရသူဖြစ်ပါတယ်။ အင်အားသုံးကစားတတ်ပြီး တိုက်စစ်မှူးတွေကို ပံ့ပိုးပေးနိုင်သူလည်းဖြစ်ပါတယ်။ ။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

တောင်ပံကစားသမား မာလူဒါ ချယ်လ်ဆီးနှင့်လေးနှစ်ထပ်မံစာချုပ်

လန်ဒန် ဇွန် ၂၈

ချယ်လ်ဆီးတောင်ပံကစားသမား ဖလောရင့်မာလူဒါသည် အသင်းနှင့်လေးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသူ အသက် ၂၉ နှစ်အရွယ်ရှိ ပြင်သစ်ဘောလုံးသမား မာလူဒါသည် ယင်းသို့ စာချုပ်သစ်ထပ်မံချုပ်ဆိုလိုက်ခြင်းဖြင့် ချယ်လ်ဆီးအသင်းတွင် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးသတင်းများထွက်ပေါ်နေမှုကို အဆုံးသတ်စေခဲ့သည်။

မာလူဒါအား အေစီမီလန်က ခေါ်ယူရန် ဆက်သွယ်ခဲ့သေးသည်။ ၎င်းသည် ၂၀၀၇ခုနှစ်က ပြင်သစ်အသင်းလိုင်ယွန်မှ ချယ်လ်ဆီးသို့ ပေါင် ၁၃ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာကတည်းက အင်္ဂလန်ဘောလုံးလောကတွင် အခြေကျရန် ရုန်းကန်ခဲ့ရသည်။ (အင်တာနက်)

ရီးရဲမှ ဟန်တယ်လာအား မန်ယူက ဆက်သွယ်

လန်ဒန် ဇွန် ၂၈

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ဟော်လန်ကစားသမား ဟန်တယ်လာအား ခေါ်ယူရန် နောက်ဆုံးဆက်သွယ်ခဲ့သည်ဟု သတင်း၌ဖော်ပြသည်။ ပြီးခဲ့သည့် နွေရာသီတွင် ရီးရဲမက်ဒရစ်က ကြေးကြီးကြီးဖြင့် ဝယ်ယူစာချုပ်ခဲ့သူ ဟန်တယ်လာသည် သူ့ကိုယ်သူ ဘာနေဗျူးတွင် လူပိုတစ်ယောက်ဟု ခံစားလာရသည်ဟုဆိုသည်။

ပြင်သစ်ဘောလုံးသမား ဘင်ဇီမာအားခေါ်ယူရန် အခက်အခဲများနှင့် ကြုံတွေ့နေရစဉ် မန်ယူနည်းပြ ဖာဂူဆန်သည် ရီးရဲမက်ဒရစ်မှ ဟန်တယ်လာအား ခေါ်ယူရန်ဆက်သွယ်ခဲ့ခြင်း ဖြစ်သည်။ ဟန်တယ်လာသည် ယခုနှစ် ဇန်နဝါရီလတွင် ရီးရဲမက်ဒရစ်သို့ရောက်ရှိကတည်းက ပုံမှန်ပွဲထွက်ခွင့်မရခဲ့ချေ။ **(အင်တာနက်)**

အမေရိကန်အိုးပင်းဖလား လူကက်စ်ဂလိုဗာ ဆွတ်ခူးရရှိ

နယူးယောက် ဇွန် ၂၈

ဂေါက်သီး အကျော်အမော် လူကက်စ်ဂလိုဗာသည် အမေရိကန်အိုးပင်းဂေါက်သီးဆုဖလားကိုရယူကာ အမေရိကန် အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သမိုင်းရေးထိုးနိုင်ခဲ့သည်။

ဂလိုဗာသည် ရိုက်ချက်ပေါင်း၂၇၆ချက်အောက် လေးချက်လျှော့ရိုက်ကာ အမေရိကန်အိုးပင်းဂေါက်သီးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုဆုဖလားသည် ဂလိုဗာ၏ ဂေါက်သီးအားကစား သက်တမ်းတစ်လျှောက်တွင် ဒုတိယမြောက် ဆုဖလားဖြစ်သည်။ (အင်တာနက်)

ယူကရိန်းလက်ဝှေ့ကျော် ကလစ်ချ်ကို ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကာကွယ်

လန်ဒန် ဇွန် ၂၈

ယူကရိန်းလက်ဝှေ့ကျော် ဝလာဒီမီရ်ကလစ်ချ်ကိုသည် ရှုံးပွဲမရှိ လက်ဝှေ့သမား ရပ်စ်လန်ချာဂါအက်ဗ်အား ၁၀ချီတွင် အနိုင်ထိုးသတ်ကာ ၎င်း၏ ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ် ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကို ကာကွယ်ခဲ့သည်။ ယင်းပွဲစဉ်တွင် ကလစ်ချ်ကိုသည် ပွဲစဉ်တစ်လျှောက်လုံး ပြိုင်ဘက်အားစိုးမိုးနိုင်ခဲ့ပြီး ဒုတိယအချီတွင် အလဲထိုးနိုင်ခဲ့သည်။ ဆဋ္ဌမအချီတွင် ပြိုင်ဘက် ချာဂါအက်ဗ်၏ ညာဘက်မျက်ခုံးကို ကလစ်ချ်ကို၏ ဘယ်ဝိုက်လက်သီးဖြင့် ထိုးမိခဲ့သည်။ ဂျာမနီနိုင်ငံ ဂယ်လ်ဆင်ကီရ်ချင်မြို့ရှိ ရှော်လ်ကေး-၀၄ ဘောလုံးအသင်း၏ ဗယ်လ်တင်အားကစားကွင်းကြီး၌ ပရိသတ် ၆၁၀၀၀၏ရှေ့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲစဉ်ဖြစ်ပြီး နှစ် ၇၀အတွင်း အကြီးကျယ်ဆုံး လက်ဝှေ့ပွဲကြီးလည်းဖြစ်ကာ ယင်းပွဲစဉ်၌ အသက်(၃၃) နှစ်ရှိ ကလစ်ချ်ကိုအနေဖြင့် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သော ပွဲစဉ်ဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

ဆန်တာခရုဇ်နေရာကို ခရော့ချ်နှင့် အစားထိုးမည်

ပို့စ်မောက် တိုက်စစ်မှူး ပီတာခရော့ချ်ကို ခေါ်ယူရန် ဘလက်ဘန်းက စတင်ဆွေးနွေးနေပြီဖြစ်သည်။ ဘလက်ဘန်းတိုက်စစ်မှူး ဆန်တာခရုဇ်နေရာ၌ ပီတာခရော့ချ်နှင့် အစားထိုးမည်ဟု ဘလက်ဘန်းကလပ်က သတင်းထုတ်ပြန်သည်။

အဒီဘာယောအား အာစင်ဝင်းဂါးရောင်းမည်မဟုတ်



အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောအား အေစီမီလန်နှင့် အင်တာမီလန်အသင်းများက ခေါ်ယူရေး ကြိုးစားနေရာ နည်းပြအာစင်ဝင်းဂါးက ရောင်းမည် မဟုတ်ကြောင်း ငြင်းဆိုလိုက်သည်။

ဒေါင်းနင်းအား စပါးအသင်းကခေါ်ယူမည်

မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား ဒေါင်းနင်းအား စပါးအသင်းကခေါ်ယူရန် စတင်ဆွေးနွေးနေပြီဖြစ်သည်။

အင်တာမီလန်က ကာဗယ်ဟိုနှင့် ဒေကိုတို့အား ခေါ်ယူလို

အင်တာမီလန် အသင်းပိုင်ရှင်က ချယ်လ်ဆီး နောက်ခံလူ ကာဗယ်ဟိုနှင့် ဒေကိုတို့အား ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေး၍ ခေါ်ယူလိုကြောင်း ပြောကြားသည်။

ရီဘာရီ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့လို

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ရီဘာရီက မိမိအား မန်ယူ၊ ချယ်လ်ဆီးစသည့် ထိပ်တန်းဘောလုံးအသင်းများက ခေါ်ယူနေသော်လည်း မိမိအနေဖြင့် ရီးရဲမက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ရန် ရွေးချယ်ထားကြောင်း ပြောကြားသည်။

ပရီမီယာလိဂ်၌ အလက်ဇန္ဒား အသက်အကြီးဆုံးဖြစ်မည်



ဘန်လေအသင်းက အသက် ၃၇နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား အလက်ဇန္ဒားအား တစ်နှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ရာ လက်ရှိပရီမီယာလိဂ်၌ အသက်အကြီးဆုံး ဘောလုံးသမားဖြစ်လာမည်ဟု ဘန်လေအသင်းက သတင်းထုတ်ပြန်သည်။

အေစီမီလန်က ပါတိုအားစာချုပ်သစ်ချုပ်မည်

အေစီမီလန်အသင်းမှ ဘရာဇီးလူငယ်တိုက်စစ်မှူးပါတိုအား အင်္ဂလိပ်ပရီမီယာလိဂ် အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အေစီမီလန်အသင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုပြီး အသင်း၌ ဆက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟာဘာရီဂတ်စ် ရီးရဲသို့ ပြောင်းရွှေ့လို



အာဆင်နယ် ကွင်းလယ်ကစားသမား ဟာဘာရီဂတ်စ်က မိမိအနေဖြင့် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် ကြိုးစားနေကြောင်း၊ အာဆင်နယ်၌ ပုံမှန်ကစားခွင့်မရနိုင်၍ ဖြစ်ကြောင်း ပြောကြားသည်။

အာဘီလိုအာ လီဗာပူး၌ တစ်နှစ်ဆက်ရှိမည်

လီဗာပူးကစားသမား အာဘီလိုအာက မိမိအနေဖြင့် ရီးရဲမက်ဒရစ်နှင့် ဆွေးနွေးထားသော်လည်း နောက်နှစ်မှ အသင်းပြောင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

အက်ဆီယံ ချယ်လ်ဆီးမှ ထွက်ခွာမည်ဟုဆို

ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံအနေဖြင့် ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့် အခြားထိပ်တန်းအသင်းတစ်သင်းက ခေါ်ယူပါက ယခုနွေရာသီ ကာလအတွင်းပြောင်းရွှေ့မည်ဟု ၎င်း၏ အေးဂျင့်က ပြောကြားသည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

ယုံကြည်ကိုးစားမှု ပျောက်ကွယ်လေသောအခါ . . . .

နိုင်ငံတကာမှုခင်း

သမီးအား ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆို ခံရသော ဂါဟတ် စထရိတ်တာ။

ဘော့စတွန်မြို့သည် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် တည်ရှိပြီး လူဦးရေ ၈ သိန်းနီးပါးနေထိုင်သော မြို့ဖြစ်သည်။ မက်ဆာချူးဆက်ပင်လယ်အော်ကမ်းနဖူးရှိ ပင်လယ်ဆိပ်ကမ်းမြို့လည်းဖြစ်သည်။

ကြိုးစား

ယင်းမြို့တွင်နေထိုင်သူ ဂါဟတ်စထရိတ်တာသည် ၁၉၇၈ခုနှစ် အသက် ၁၇နှစ်သားအရွယ်က အထက်တန်းကျောင်းသားတစ်ဦး ဖြစ်သည်။ ထိုစဉ်က ၎င်းကျောင်းတက်ရာပြည်နယ်မှာ ကွန်နက်တီကတ်ပြည်နယ်ဖြစ်သည်။ နောက်သုံးနှစ်အကြာ ၁၉၈၁ခုနှစ်တွင်မူ ဝစ္စကွန်ဆင် တက္ကသိုလ်တွင်တက်ရောက်ရင်း စန္ဒရာဘော့စ်အမည်ရှိအမျိုးသမီးအား လက်ထပ်ယူရန် ကြိုးစားခဲ့သည်။

အဆက်အသွယ်မပြတ်

ဂါဟတ်၏ချစ်သူ စန္ဒရာသည် ဂါဟတ်အား နှစ်သက်မြတ်နိုးခဲ့သော်လည်း လက်မထပ်သေးဘဲ ၎င်း၏ပညာရေးကို အတိမ်းအစောင်းမခံလို၍ ဘွဲ့ရသည်အထိ ဟားဗက်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူခဲ့သည်။ ဂါဟတ်သည် ၁၉၈၂ခုနှစ်တွင် ဘွဲ့ရပြီးနောက် ၎င်း၏ဇာတိ ကွန်နက်တီကတ်ပြည်နယ်သို့ ပြန်သွားခဲ့ရသော်လည်း ၎င်း၏ချစ်သူ စန္ဒရာနှင့်အဆက်အသွယ်မပြတ်ခဲ့ချေ။

အကြွင်းမဲ့ယုံကြည်

ဂါဟတ်နှင့် စန္ဒရာတို့သည် ယင်းသို့ဆက်သွယ်နေထိုင်လာကြရာမှ ၁၄နှစ်အကြာ ၁၉၉၆ခုနှစ်တွင် တူနှစ်ကိုယ်တိုင်းပြည်ကိုထူထောင်ခဲ့ကြသည်။ ယင်း ၁၄နှစ်တာကာလအတွင်း ဂါဟတ်သည် ဆရာဝန်ဘွဲ့ရသည်အထိ ထပ်မံပညာသင်ကာ ဆရာဝန်တစ်ဦးအဖြစ်လည်းကောင်း၊ နိုင်ငံငယ်လေးများအတွက် ကြွေးမြီကိစ္စများတွင် စေ့စပ်ဖြေရှင်းပေးသည့် ဘဏ္ဍာရေးအကြံပေးတစ်ဦးအဖြစ် လည်းကောင်း၊ ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ ခေတ်သစ်ပန်းချီပြခန်းကို ပိုင်ဆိုင်သည့် ပန်းချီကား စုဆောင်းသူ ပန်းချီပြခန်းပိုင်ရှင်အဖြစ်လည်းကောင်း၊ လက်စ်ဗီးဂက်စ်မြို့တွင် နှလုံးခွဲစိတ်အထူးကုဆရာဝန်အဖြစ် လည်းကောင်း၊ ချီလီအခြေစိုက် သင်္ဘောတစ်စင်းတွင် ကပ္ပတိန်အဖြစ်လည်းကောင်း၊ အမေရိကန်၊ ဥရောပနှင့် ဂျပန်စသည့် သုံးနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် တည်ထောင်ခဲ့သည့် သုံးနိုင်ငံအုပ်စုဖြစ်သော သုံးနိုင်ငံကော်မရှင်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း ဘဝကို ခမ်းနားကြီးကျယ်စွာ ဖန်တီးနိုင်ခဲ့သည့် အာဂယောက်ျားတစ်ဦးအဖြစ် ပိပိရိရိသရုပ်ဆောင်လျက် ဟန်ဆောင်နေထိုင်ခဲ့သည်။ ဂါဟတ်အား ချစ်ခင်နှစ်သက်သော စန္ဒရာသည် ဂါဟတ်ပြောသမျှကို အကြွင်းမဲ့ယုံကြည်ခဲ့သည်။ စန္ဒရာယုံကြည်လောက်အောင်လည်း ဂါဟတ်၏အနေအထိုင် အပြုအမူများက ပိရိသေသပ်လှသည်။ ထို့ကြောင့် စန္ဒရာသည် ၁၉၉၆ခုနှစ်က အသက် ၃၅နှစ်ရှိ ဂါဟတ်အား လက်ထပ်ခဲ့ခြင်းပင်ဖြစ်သည်။

လူတန်းစေ့

ဂါဟတ်သည် စန္ဒရာအား မြတ်နိုးလွန်း၍ ၎င်းအားအထင်ကြီးလေးစားစေရန် ဟန်ဆောင်နေထိုင်သကဲ့သို့ တကယ့်လက်တွေ့ဘဝတွင်လည်း ၎င်းဟန်ဆောင်ပြောကြားခဲ့သည့်အဆင့်အထိ မရောက်ရှိစေကာမူ အလုပ်ကြိုးစားလုပ်ကိုင်ကာ ငွေကြေးအတန်အသင့် ချမ်းသာအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ဇနီးသည်စန္ဒရာအား လိုလေသေးမရှိ ပြည့်စုံစိတ်ချမ်းသာစွာဖြင့် လူတန်းစေ့ အဆင့်အတန်းမြင့်မြင့် ထားနိုင်ခဲ့သည်။

ကွာရှင်းပြတ်စဲ

ဂါဟတ်နှင့် စန္ဒရာတို့သည် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းရင်း အဆင်ပြေသော အိမ်ထောင်ရေးကို ဖြတ်သန်းကာ အိမ်ထောင်သက်ငါးနှစ်အကြာဖြစ်သည့် ဂါဟတ် အသက် ၄၀အရွယ် ၂၀၀၁ ခုနှစ်တွင် ရိတ်ဘော့စ်အမည်ရှိ သမီးလေးတစ်ဦး ထွန်းကားခဲ့သည်။ အမှန်တရားဟူသည် ဖုံးကွယ်၍ မရစကောင်းသောအရာဖြစ်သည့်အားလျော်စွာ အိမ်ထောင်သက် ၁၂နှစ်ကြာ ကာလတစ်လျှောက်လုံး ခင်ပွန်းသည်ဂါဟတ်အား ယုံကြည်လေးစား အထင်ကြီးခဲ့သူ စန္ဒရာသည် နောက်ဆုံးတွင် ခင်ပွန်းသည်၏ သရုပ်မှန်ကို သိရှိသွားလေတော့သည်။ စန္ဒရာသည် ဂါဟတ်အား လက်ထပ်ခဲ့သည်မှာ ငွေကြေးဥစ္စာခနကြောင့်မဟုတ်ဘဲ ချစ်ခင်စုံမက်၍သာ လက်ထပ်ခဲ့ခြင်းဖြစ်သည်။ သူမအားလက်ထပ်ရန် ဂါဟတ်အနေဖြင့် ယခုကဲ့သို့ ၎င်းအား အထင်ကြီးအောင် ဟန်ဆောင်လိမ်ညာစရာမလိုဟု ယူဆသည်။ အမှန်တရားကို မြတ်နိုးပြီး လိမ်လည်လှည့်ဖြားမှုကို ရွံ့မုန်းသောစန္ဒရာသည် ခင်ပွန်းသည်ဂါဟတ်အား သူမ၏အချစ်ကို လိမ်ညာယူသည်ဟု နာကြည်းကာ ၂၀၀၈ခုနှစ် ဆောင်းဦးပေါက်တွင် ခုနစ်နှစ်အရွယ်သမီးငယ်အား လက်ဆွဲလျက် ဂါဟတ်နှင့်သူမတို့နေထိုင်သည့် ဘော့စတွန်မြို့ နေအိမ်မှထွက်ခွာခဲ့သည်။ စန္ဒရာသည် ဂါဟတ်နှင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ပြောင်းရွှေ့နေထိုင်လျက် အကြံပေးကုမ္ပဏီတစ်ခုတွင် အမှုဆောင်အရာရှိအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

တရားစွဲဆို

ယင်းသို့ကွာရှင်းပြတ်စဲခဲ့ရာတွင် ဇနီးသည်စန္ဒရာသည် သမီးအား ထိန်းသိမ်းစောင့်ရှောက်ခွင့်ရပြီး ခင်ပွန်းဖြစ်သူ ဂါဟတ်မှာမူ သူ၏သမီးအား တစ်နှစ်လျှင် သုံးကြိမ်သာ တွေ့ဆုံခွင့်ရခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင်လည်း လူမှုဝန်ထမ်းလုပ်သားတစ်ဦး၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် တွေ့ရသဖြင့် သမီးအား လွတ်လွတ်လပ်လပ် စကားပြောခွင့်မရခဲ့ချေ။ ဂါဟတ်သည် စန္ဒရာအပေါ် ချစ်လွန်းသဖြင့် လိမ်ညာခဲ့မိသည်ကို နောင်တရသော်လည်း ယင်းအမှားကို ပြန်ပြင်ဆင်ခွင့် မရရှိခဲ့တော့ချေ။ ဂါဟတ်သည် စန္ဒရာအား မခွဲနိုင်သကဲ့သို့ ငုံထားမတတ်ချစ်သည့် သမီးလေးနှင့်ဝေးကွာနေရခြင်းကို ကြေကွဲဝမ်းနည်းစွာ သည်းအူပြတ်မျှခံစားနေရမှုကို သည်းမခံနိုင်တော့သည့်အဆုံး ၎င်း၏သမီးအား ဘော်လ်တီမိုးမြို့တွင် ပထမဦးဆုံး တွေ့ဆုံသည့်အကြိမ်မှာပင် လူမှုဝန်ထမ်းလုပ်သားအား ရုတ်တရက် တိုက်ခိုက်ကာ သမီးအားပွေ့ချီပြီး ၎င်း၏သမီးကို ခေါ်ဆောင်လာသည့် ကားမောင်းသူအား ခြိမ်းခြောက်ကာ ၎င်းသွားလိုရာသို့ မောင်းပို့စေခဲ့လျက် ခြေရာဖျောက်ခဲ့သည်။ သို့သော်လည်း ခြောက်ရက်အကြာတွင် သက်ဆိုင်ရာက ၎င်းအားခြေရာခံမိကာ သမီးဖြစ်သူအား ပြန်ပေးဆွဲမှုဖြင့် တရားစွဲဆိုခဲ့သည်။

ပြောကြား

၂၀၀၉ခုနှစ် ဇွန် ၁၂ရက်တွင်မူ ဂါဟတ်၏သမီးဖြစ်သူ ရိတ်ဘော့စ်အား ၎င်းထံသို့ ခေါ်ဆောင်သွားသည့်အမှုကို ဘော့စတွန်တရားရုံးက စစ်ဆေးခဲ့သည်။ ဂါဟတ်သည် ၎င်း၏သမီး ရိတ်ဘော့စ်အား ပြန်ပေးဆွဲမှု၊ လူမှုဝန်ထမ်းလုပ်သားအား တိုက်ခိုက်မှုနှင့်ကားမောင်းသူအား အဓမ္မခြိမ်းခြောက်မှုတို့ဖြင့် တရားစွဲဆိုခံရသည်။ ပြစ်မှုထင်ရှားပါက ဂါဟတ်သည် ထောင်ဒဏ်လေးနှစ်မှ ငါးနှစ်ကျခံရမည်ဟု ဆိုသည်။ ဂါဟတ်၏ရှေ့နေကမူ ဂါဟတ်သည် အများဆုံးထောင်ဒဏ်နှစ်နှစ်သာ ကျခံရမည်ဟု ပြောကြားသည်။

ရင်ဆိုင်ခဲ့ရ

မည်သို့ပင်ဖြစ်စေကာမူ ဂါဟတ်သည် စန္ဒရာအား ချစ်ခင်မြတ်နိုးမှုကြောင့် ၎င်း၏ ရှိရင်းစွဲအခြေအနေထက် မြင့်မားသည့်ဘဝကို ဟန်ဆောင်ပြကာ ရယူခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် ဇနီးသည်က ၎င်း၏ ဟန်ဆောင်ဖုံးကွယ်မှုကို အမှန်အတိုင်းသိရှိပြီး ယုံကြည်ကိုးစားမှု ပျောက်ကွယ်သွားချိန်တွင် လမ်းခွဲခဲ့ရာမှ ယင်းရလဒ်ကို လက်မခံနိုင်သူ ဂါဟတ်သည် ခံစားမှုကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ အမှားကိုဆက်လက်ကျူးလွန်ခဲ့မှုကြောင့် တရားဥပဒေနှင့် ရင်ဆိုင်ခဲ့ရသောအဖြစ်ကို သင်ခန်းစာယူဖွယ်ရာအဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား - အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

တစ်ပတ်အတွင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ်သတင်းများ

မြန်မာ့အလင်း

ဇွန် ၂၁ ရက် မှ ၂၇ ရက်အထိ

ဇွန် ၂၁ - အာဂျင်တီးနားနှင့် ချီလီနှစ်နိုင်ငံနယ်စပ်ဒေသတွင် ဇွန် ၂၁ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်သဖြင့် နယ်စပ်ကုန်သွယ်ရေး ပြတ်တောက်သွားသည်။ ကုန်တင်ယာဉ်များ ဖြတ်သန်းမှု ရပ်ဆိုင်းခဲ့သည်။ ယင်းသဲမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၄၀အထိ တိုက်ခတ်ခဲ့သည်။

ဇွန် ၂၂ - တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းစီရင်စု**(အောက်ပုံ)**တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးခဲ့ကြောင်း၊ နေအိမ်များပျက်စီးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဇွန် ၂၃ - ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းဒေသများ၌ အိုင်လာအမည်ရှိ မုန်တိုင်းတိုက်ခတ်ခဲ့ရာ သေဆုံးမှုနှင့် နေအိမ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

ဇွန် ၂၄ - ဖိလစ်ပိုင်နိုင်ငံ အလာဘတ်ကျွန်းကမ်းလွန်တွင် နန်ကာအမည်ရှိ မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ငါးဖမ်းသမားခြောက်ဦးသေဆုံးကာ ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ နေအိမ်များပျက်စီးခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဇွန် ၂၅ - **အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသ၌ ရစ်ချ်တာစကေး ၆ အင်အားရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ထို့အတူ မြောက်စူလာဝေစီ ပြည်နယ်ကမ်းလွန်တွင်လည်း ရစ်ချ်တာစကေး ၅ ဒသမ ၈ အင်အားရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ထိုသို့ ငလျင်လှုပ်မှုကြောင့် စူလာဝေစီ ပြည်နယ်တွင် နေအိမ် အဆောက်အအုံ** (ဝဲပုံ) **အချို့ ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။**

ဇွန် ၂၆ - တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်၌ ယင်းနေ့ ည ၁၀ နာရီခွဲက မုန်တိုင်းတိုက်ခတ်ပြီး အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နေရာမှ မြေပြိုကျမှုဖြစ်ပွားခဲ့သည်။

ဇွန် ၂၇ - **နယူးဇီလန်နိုင်ငံမြောက်ပိုင်း ကျွန်းဆွယ်ဒေသ၌ ၁၃ နာရီအတွင်း အင်အားပျော့သည့် ငလျင် ရှစ်ကြိမ်လှုပ်ခဲ့ကြောင်း၊ ယင်းငလျင်သည် မြေမျက်နှာပြင်အောက် နှစ်ကီလိုမီတာ အကွာကို ဗဟိုပြုကာ ရစ်ချ်တာစကေး ၄ ဒသမ ၄ သာ ရှိကြောင်း ဘူမိဗေဒဌာနက ပြောကြားသည်။**

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ဘဝအမောပြေ

မီတူး . . . .

စီးပွားရေးလုပ်ငန်းရှင် မစ္စတာခမ်သည် အင်္ဂလန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် မစ္စတာ စမစ်နှင့် တွေ့ဆုံဆွေးနွေးရန် သွားရမည်ဖြစ်ရာ အင်္ဂလိပ်စကားအနည်းငယ်ကို အမြန်သင်ယူလေသည်။

ဆရာ ။ ။ တွေ့တွေ့ချင်းပြောရမှာက "ဟောင်းအာယူ"၊ အဲဒီအချိန်မှာ သူက "နေကောင်းပါတယ်… ခင်ဗျားရော ကျန်းမာပါရဲ့လား" လို့ ပြန်မေးလိမ့်မယ်။ အဲဒီအခါမှာ ကျွန်တော်လည်း အတူတူပါပဲဆိုတဲ့ "မီတူး" လို့ ပြောလိုက်ပါ… နောက်ပိုင်းစကားတွေကတော့ စကားပြန်တွေက ဘာသာပြန်ပေးမှာပါ။ ဘာမှမပူပါနဲ့။

မစ္စတာခမ် ။ ။ ဒါဆိုရပါပြီ…"ဟောင်းအာယူ"နဲ့ "မီတူး"ဆိုတဲ့ စကားနှစ်ခွန်းပဲ ပြောရုံပေါ့…

ဆရာ ။ ။ "ဟုတ်တယ်"

ထို့နောက် မစ္စတာခမ်မှာ အင်္ဂလန်သို့ သွားရောက်ပြီး မစ္စတာစမစ်နှင့် တွေ့ဆုံရာ "ဟောင်းအာယူ"ကို မေ့နေပြီး-

မစ္စတာခမ် ။ ။ "ဟူးအာယူ"ဟု တွေ့တွေ့ချင်း နှုတ်ဆက်လိုက်ရာ မစ္စတာစမစ်ရုတ်တရက် ကြောင်သွားသော်လည်း ချက်ချင်းဣန္ဒြေဆည်ကာ-

မစ္စတာစမစ် ။ ။ "ကျွန်တော်က မစ္စစ်ဝင်နီရဲ့ခင်ပွန်းပါ"

မစ္စတာခမ် ။ ။ မီတူး (ကျွန်တော်လည်းအတူတူပါပဲ)

မစ္စတာစမစ် ။ ။ 'ဗျာ'

ဘဝဒဿန

■ *Do not to do to others what would anger you if done to you by others.*

✳ *သင့်အား အခြားသူများက ပြုလုပ်လျှင် သင်စိတ်ဆိုးမည့် အပြုအမူ အပြောအဆိုမျိုးကို အခြားလူများကိုလည်း မပြုလုပ်မိပါစေနှင့်။*

ဆိုကရေးတီး

(ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

သက်ရှည်ကျန်းမာ ကြံ့ခိုင်လိုပါလျှင် တောင်တက်ပေးပါ

ရန်ကုန် ဇွန် ၂၈

တောင်တက်လျှင် အသက်ရှည်သည်ဟုဆို၏။ ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ သန်စွမ်းခြင်းတို့နှင့်လည်း ပြည့်စုံသည်ဖြစ်ရာ တောင်တက်ခြင်းသည် နိုင်ငံတကာ၌ ခေတ်စားလာသည်။

လက်ခံထား

တောင်တက်ခြင်းသည် ယနေ့ဖြစ်ပွားနေသော ရောဂါအများအပြားကို ကြိုတင်ကာကွယ်နိုင်သည့် အကောင်းဆုံး နည်းလမ်းတစ်ရပ်ဖြစ်သည်ကို ကမ္ဘာ့ဆေးသိပ္ပံပညာရှင်များကလည်း လက်ခံထားကြသည်။ ထိုသို့ အကျိုးတရားများရရှိစေသည့် တောင်တက်ခြင်းကို နှစ်စဉ် ပုံမှန်ပြုလုပ်နေသည်မှာ မြန်မာနိုင်ငံတက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းပင်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အရှေ့မြင် အနောက်မြင်တောင်ကို တက်ရောက်ပြီး နိုင်ငံတော်အလံကို အောင်မြင်စွာ ကိုင်မြှောက် အောင်ပွဲခံနေသည့် မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်တောင်တက် အဖွဲ့ဝင်များ၏ ဝင့်ကြွားသည့် အပြုံးများ....။ (မြန်မာ့အလင်း)

ကျယ်ပြန့်လာသော မက္ကဆီကို ပင်လယ်ကွေ့မှ သေမင်းတမန်ဇုန်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

မက္ကဆီကို ပင်လယ်ကွေ့၌ရှိသော သေမင်းတမန်ဇုန်သည် ဧရိယာတဖြည်းဖြည်းနှင့် ကျယ်ပြန့်လာနေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ်မှ အဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်သည်။



ကျယ်ပြန့်လာ

ဇွန် ၂၆ရက်က ထုတ်ပြန်သော ကိန်းဂဏန်းအရ မက္ကဆီကို ပင်လယ်ကွေ့တွင်ရှိသည့် သေမင်းတမန်ဇုန်သည် ၈၄၅၆ စတုရန်းမိုင်အထိ ရှိနေပြီဖြစ်ကြောင်း။ ယင်းဧရိယာ အကျယ်အဝန်းသည် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်၏ အရွယ်အစားနှင့် ညီမျှကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နေပြည်တော် ဘူတာသစ်ကြီးမှ လက်မှတ်ရောင်းချမည့်အစီအစဉ်

နေပြည်တော် ဇွန် ၂၈

ယခင် ပျဉ်းမနားဘူတာတွင် လက်မှတ်ရောင်းချမှုစနစ်မှာ နေပြည်တော်မှ စတင်ထွက်ခွာသည့် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန်၊ အမှတ်(၃၂)အစုန် (နေပြည်တော်-ရန်ကုန်) ရထားများအား အထက်တန်း သုံးရက်ကြိုနှင့် ရိုးရိုးတန်း တစ်ရက်ကြိုအဖြစ်လည်းကောင်း၊ အမှတ်(၂၅)အဆန် (နေပြည်တော်-မန္တလေး)၊ အမှတ်(၁၆)အစုန် (နေပြည်တော်-မော်လမြိုင်)၊ အမှတ်(၁၀၇)အဆန် (နေပြည်တော်-ပုဂံ) ရထားများအား အထက်တန်းနှင့် ရိုးရိုးတန်း တစ်ရက်ကြိုအဖြစ်လည်းကောင်း၊ အမှတ်(၂၇)အဆန် (နေပြည်တော်-မြင်းခြံ)နှင့် အမှတ်(၁၀၉)အဆန် (နေပြည်တော်-ပြည်) ရထားများအား အထက်တန်းနှင့် ရိုးရိုးတန်း နေ့ချင်းရောင်းအဖြစ်လည်းကောင်း၊ အမှတ်(၁၀၁) အဆန်(နေပြည်တော်-ချောက်) ရထားအား အထက်တန်း တစ်ရက်ကြိုနှင့် ရိုးရိုးတန်း နေ့ချင်းရောင်းအဖြစ်လည်းကောင်း၊ အမှတ်(၁၄၁)အဆန် (နေပြည်တော်-ရွှေညောင်)နှင့် အမှတ် (၁၄၇)အဆန် (နေပြည်တော်-လွိုင်ကော်)ရထားများအား အထက်တန်းနှင့် ရိုးရိုးတန်း နေ့ချင်းရောင်းအဖြစ်လည်းကောင်း ရောင်းချလျက်ရှိပြီး ရန်ကုန်-မန္တလေး ဖြတ်သန်းရထားများဖြစ်သော အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန်၊ အမှတ်(၃)အဆန်၊ အမှတ်(၄)အစုန်၊ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန်၊ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂)အစုန်၊ အမှတ်(၂၉)အဆန်၊ အမှတ်(၃၀)အစုန် ရထားများအား အထက်တန်းနှင့် ရိုးရိုးတန်း နေ့ချင်းရောင်းအဖြစ်လည်းကောင်း ရောင်းချပေးလျက်ရှိသည်။

ရောင်းချမည်

ဇူလိုင် ၅ရက်မှစ၍ နေပြည်တော်ဘူတာသစ်ကြီးမှ ရထားများထွက်ခွာခြင်း၊ ဆိုက်ရောက်ခြင်း၊ ရပ်တန့်ပေးခြင်းများ ပြုလုပ်မည်ဖြစ်ရာ ရက်ကြို လက်မှတ်များကို ဇူလိုင် ၄ရက်အထိ ပျဉ်းမနားဘူတာ၌ ရောင်းချမည်ဖြစ်ပြီး ဇူလိုင် ၅ရက်မှစ၍ ယခင်ရောင်းချမှုပုံစံအတိုင်း နေပြည်တော်ဘူတာသစ်ကြီး၌ စတင်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်လျှင် အယ်လ်ဇိုင်းမားဖြစ်ပွားမှု ကျဆင်းနိုင်ဟုဆို

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

နေ့စဉ် ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပေးပါက အသက်အရွယ်ရလာသည့်အခါ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့ကျင့်

နေ့စဉ် နံနက် ၁၅မိနစ်ခန့် လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းသည် ခန္ဓာကိုယ်သွေးလည်ပတ်မှု မှန်ကန်စေပြီး ဦးနှောက်ဆဲလ်များ ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

လျော့ကျနိုင်

ထိုသို့ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်နိုင်ပါက သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ခန့် ပုံမှန်ပြုလုပ်ပေးလျှင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ၄၀ရာခိုင်နှုန်း လျော့ချပေးနိုင်သည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အကြံပြု

ပုံမှန် ကိုယ်လက်လေ့ကျင့်ခန်း မပြုလုပ်နိုင်ပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ထိရောက်စွာ လျှော့ချပေးနိုင်မည်မဟုတ်ကြောင်း၊ ပုံမှန်လေ့ကျင့်ခန်းသည်သာ ထိရောက်သော ကျန်းမာရေး အကျိုးပြုမှုဖြစ်စေကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

ကမ္ဘာတစ်ဝန်း A(H1N1) တုပ်ကွေးဖြစ်ပွားသူ ၆၀၀၀၀ ခန့်ရှိလာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာ၌ ဖော်ပြ

ဂျီနီဗာ ဇွန် ၂၈

ကမ္ဘာတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု ပျံ့နှံ့လျက်ရှိရာ ဇွန် ၂၈ရက်အထိ နိုင်ငံပေါင်း ၁၁၃နိုင်ငံတွင် ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ ၅၉၈၁၄ဦး ရှိနေပြီး သေဆုံးသူ စုစုပေါင်းမှာ ၂၆၃ဦးအထိ ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို) အစီရင်ခံစာ၌ ဖော်ပြထားသည်။

ချီလီ

ချီလီနိုင်ငံ တစ်နိုင်ငံတည်း၌ပင် လွန်ခဲ့သည့်နှစ်ရက်က A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူ သုံးဦးရှိပြီး ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ ၈၇၁ဦး ရှိခဲ့ရာ စုစုပေါင်း တုပ်ကွေးရောဂါဖြစ်ပွားသူ ဦးရေ ၅၁၈၆ဦး ရှိနေပြီဖြစ်သည်။

ဗြိတိန်

ထို့အတူ ဗြိတိန်နိုင်ငံ၌လည်း A(H1N1) တုပ်ကွေးကြောင့် သေဆုံးသူ တစ်ဦးရှိပြီး ယင်းရောဂါဖြစ်ပွားသူ ဦးရေမှာ ၃၅၉၇ဦးအထိ တိုးမြင့်လာခဲ့သည်။ တစ်ဖန် အာဂျင်တီးနားနိုင်ငံတွင်လည်း A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၁ဦးအထိ ရှိလာပြီဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှတ်တမ်းအရ A(H1N1) တုပ်ကွေးကြောင့် ပထမဆုံး သေဆုံးသူမှာ ဟွန်ဒူးရပ်စ်နိုင်ငံမှဖြစ်ကြောင်း သိရသည်။

A(H1N1) တုပ်ကွေးကြောင့် ကနေဒါနိုင်ငံတွင် လေးဦးသေဆုံးပြီး မက္ကဆီကိုနှင့် ဂွာတီမာလာနိုင်ငံတို့၌ ယင်းတုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေမှာ ၁၁၆ဦးအထိ ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ (အင်တာနက်)